ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ တနင်္လာနေ့၊ (1-9-2014) (၇၉၅၀)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥဇဘက်ကစ္စတန်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် စက်တင်ဘာ ၁**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အစ္စလမ် ကာရီမော့ဗ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှက်ဗ်ကတ်မီဇီယိုယက်ဗ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အရှိန်အဟုန်များ တုံ့နှေးလျော့ကျသွားခြင်းမျိုး မဖြစ်စေဘဲ ဆက်လက်အသက်ဝင်ရှင်သန်ရေးနဲ့ ခိုင်မြဲရေးကို တည်ဆောက်ရေးအမြင်နဲ့ ရှုမြင်ဆောင်ရွက်

## နိုင်ငံတော်သမ္မတပြောကြားသည့် ရေဒီယိုမိန့်ခွန်း (၁-၉-၂၀၁၄)

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း ဩဂုတ်လအတွင်းမြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

ယနေ့မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများရဲ့ အခြေအနေများကို လက်တွေ့ကျကျ သုံးသပ်မယ်ဆိုရင် မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာရှိနေပြီး ထိုက်သင့်တဲ့ နိုင်ငံရေးအရွေ့တစ်ရပ်လည်းရှိနေတယ်ဆိုတဲ့ အချက်ဟာ ငြင်းဆိုလို့မရနိုင်တဲ့ အချက်တစ်ချက်ပဲ ဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှာ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေကြသူများအနေနဲ့ နိုင်ငံရေးဖြေလျှော့မှုများနဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်များ အသက်ဝင်ရှင်သန်ရေးတို့ကို ခိုင်မာတဲ့သန္နိဋ္ဌာန် ချဆောင်ရွက်နေခြင်းဟာ ပြည်သူလူထုတစ်ရပ်လုံးအကျိုး ခံစားရခြင်းကို အဓိကထားတဲ့ နိုင်ငံရေးစေတနာမှန် သက်သက်ဖြင့်သာ လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။

ဒီလိုလုပ်ဆောင်တဲ့နေရာမှာလည်း ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုများနဲ့ အခက်အခဲများကို ကျော်လွှားတဲ့အခါမှာ ရှုမြင်တဲ့ပုံစံများပေါ်မှာမူတည်ပြီးတော့ ကျွန်တော်တို့ရဲ့ လုပ်ဆောင်မှုများအပေါ် အကောင်းအဆိုး ခွဲခြားတွေ့မြင်နေကြရတာဖြစ်ပါတယ်။ ဒီလိုမတူညီတဲ့ရှုမြင်မှုများနဲ့ ရပ်တည်ချက်များကိုလည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီး တာဝန်အရှိဆုံးဖြစ်တဲ့ ကျွန်တော့်အနေနဲ့ နားလည်လက်ခံပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဓိကကျတဲ့အချက်တစ်ချက်အနေနဲ့ ပြောကြားလိုတာကတော့ ပြည်သူလူထုကို နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးအရ ဦးဆောင်မှုများပေးနေတဲ့ ခေါင်းဆောင်များအနေနဲ့ ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် သဘောတူခြင်း၊ မတူခြင်းဆိုတာထက် လက်ဝယ်ရရှိထားတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များရဲ့ အရှိန်အဟုန်များ တုံ့နှေးလျော့ကျသွားခြင်းမျိုး မဖြစ်စေဘဲ ဆက်လက်အသက်ဝင်ရှင်သန်ရေးနဲ့ ခိုင်မြဲရေးကို တည်ဆောက်ရေးအမြင်နဲ့ ရှုမြင်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုခြင်းပဲဖြစ်ပါတယ်။

**လက်ရှိဆောင်ရွက်နေတဲ့ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို ရန်ကုန်နဲ့ မန္တလေးလိုနေရာများမှာသာမကဘဲ မြို့ကြီးများဖြစ်တဲ့ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မုံရွာ၊ မကွေးနှင့် စစ်တွေလိုနေရာမျိုးမှာ ပြည်သူလူထုအများစု လက်လှမ်းမီစေနိုင်မယ့် ပြည်သူ့အိမ်ရာစီမံကိန်းတွေကို မြို့ရွာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။**

ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်အနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ တိုင်းရင်းသားအဖွဲ့အစည်းများဆိုင်ရာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့တို့ဟာ တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် တတိယမူကြမ်းကို ပြုစုနိုင်ခဲ့ပြီး ဆက်လက်ညှိနှိုင်းစရာ အချက်အနည်းငယ်သာ ကျန်တဲ့အထိ တိုးတက်မှုများရရှိခဲ့ပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲများကို တက်လှမ်းဖို့ ပြင်ဆင်ဆောင်ရွက်မှုတစ်ခုအနေနဲ့ တရားဝင်မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံဆွေးနွေးမှုကို ပထမဦးဆုံးအကြိမ် ပြုလုပ်နိုင်ခဲ့ပါတယ်။ များမကြာမီကာလမှာ တစ်နိုင်ငံလုံး

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## မြန်မာ့ရိုးရာယဉ်ကျေးမှုပဒေသာကပွဲ မန္တလေးမြို့၌ ဖျော်ဖြေ



**မန္တလေး ဩဂုတ် ၃၁**

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုသိရှိနားလည်စေရန်နှင့် အနာဂတ်လူငယ်များ မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးထားမြတ်နိုးပြီး လက်ဆင့်ကမ်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးစေရန်ရည်ရွယ်ပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန(မန္တလေးဌာနခွဲ)တို့က ကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှုပဒေသာကပွဲကို ဩဂုတ် ၃၀ ရက် ည ၇ နာရီက မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ အနုပညာဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ယဉ်ကျေးမှုကပွဲမစတင်မီ နိုင်ငံခြားဧည့်သည်များနှင့် ပြည်သူများအနေဖြင့် ယဉ်ကျေးမှုနှင့် ပတ်သက်သော အနုပညာပစ္စည်းများ၊ မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများကို ဝယ်ယူအားပေးနိုင်ရန် အမျိုးသားကဇာတ်ရုံပတ်လည်တွင် ဆိုင်ခန်းများဖွင့်လှစ်ပေးထားသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုကပွဲတွင် အနုပညာဦးစီးဌာနမှ ညီလာခံခန်း၊ ပဏာမဧည့်ခံဂီတသံ၊ ပုဂံဆီမီးယိမ်းအက၊ မင်းသားအက၊ မြန်မာ့ခြင်းလုံး၊ ရုပ်သေး(နှစ်ပါးသွားအက)၊ ခုနစ်ထွေအက၊ ယဉ်ကျေးမှုအဖွဲ့များ၊ အာဆီယံပေါင်းစည်းမှုပြန်လည်ဆုံတွေ့မယ်နှင့် မန်းတောင်ရိပ်ခိုတို့ဖြင့် စိတ်ဝင်စားဖွယ် မြူးမြူးကြွကြွဖျော်ဖြေတင်ဆက်ရာ နိုင်ငံခြားသား ခရီးသွားဧည့်သည် များ၊ ဝါသနာရှင်ပြည်သူများ တစ်ခဲနက်အားပေးကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ချင်းတွင်းမြစ်ရေ အခြေအနေ

**နေပြည်တော် ဩဂုတ် ၃၁**

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ဩဂုတ် ၂၈ ရက်ည ၈ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၂ စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ဩဂုတ် ၃၁ ရက် နံနက် ၇ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၆ စင်တီမီတာ(ပေဝက်ခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

## သဘာဝနေရောင်ခြည်စွမ်းအင်ဖြင့် နိုင်ငံ၏ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည်

**သတင်း စာမျက်နှာ » ၇**




**ကြေးမုံ စာတည်းရှုထောင့် — ၁-၉-၂၀၁၄၊ တနင်္လာနေ့**

# လူဦးရေကိန်းဂဏန်းအမှန်အခြေခံ

နှစ်ပေါင်း ၃၀ ကြာကောက်ယူနိုင်ခြင်းမရှိခဲ့သော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ မြေပြင်ကွင်းဆင်း၍ မြန်မာနိုင်ငံအတွက် ရှေ့ပြေးစာရင်းကောက်ယူနိုင်ခဲ့ပေသည်။ ရှေ့ပြေးကောက်ယူရရှိသော လူဦးရေစာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ သန်းကျော်ရှိကြောင်း သက်ဆိုင်ရာက အတိအလင်းထုတ်ပြန်ခဲ့ပါသည်။

ထိုသို့ကောက်ယူခြင်းမရှိစဉ်က မြန်မာနိုင်ငံ၏လူဦးရေမှာ သန်း ၆၀ ခန့်ရှိသည်ဟု ပျမ်းမျှတွက်ချက်မှုများအရ ထုတ်ပြန်အသိပေးခဲ့ကြသည်။ သို့သော် လက်တွေ့ကျကျ မြေပြင်ကွင်းဆင်း၍ အမှန်ရှိလူဦးရေ စာရင်းကို ကောက်ယူကြည့်သောအခါ လူဦးရေ ၅၁ သန်းကျော်သာရှိနေသည်ကို တွေ့ရှိရသည့်အပြင် တောင်ပေါ်မြေပြန့် လူဦးရေအစိပ်အကျဲတို့ကိုပါ အသေးစိတ်သိရှိရသဖြင့် မြန်မာနိုင်ငံသားပြည်သူများ အကျိုးစီးပွားအတွက် လုပ်ဆောင်ဖွယ်ရာများကို မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်တော့မည်ဖြစ်သည်။

၁၉၈၃ ခုနှစ်က ကောက်ယူထားသော မြန်မာနိုင်ငံ၏လူဦးရေစာရင်းမှာ ၃၅ သန်းကျော်သာရှိပြီး ထို့မတိုင်မီ ၁၉၇၃ ခုနှစ်က လူဦးရေမှာ ၁၉ သန်းကျော်ရှိ၍ နှစ် ၃၀ အတွင်း လူဦးရေ ၁၆ သန်း တိုးတက်ခဲ့သလို ၁၉၈၃ ခုနှစ်မှ ယခုနှစ်ပေါင်း ၃၀ ကြာမြင့်သောကာလတွင် လူဦးရေ ၅၁ သန်းကျော်သာရှိသဖြင့် မြန်မာနိုင်ငံသားလူဦးရေမှာ ၁၆ သန်းပင် တိုးတက်သည်ကိုတွေ့ရ၍ မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်မှုသည် အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် လူဦးရေတိုးနှုန်းမမြင့်မားဘဲ ပုံမှန်အတိုင်းသာ တိုးတက်သည်ကို တွေ့ရပါသည်။

ကောက်ယူထားသော လူဦးရေစာရင်းကို လေ့လာဆန်းစစ်ကြည့်လျှင် အမျိုးသား ၂၄ သန်းကျော်နှင့် အမျိုးသမီး ၂၆ သန်းကျော်ရှိပြီး အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁ ဒသမ ၇ သန်းသာပိုသည်ကိုတွေ့ရပြီး လူဦးရေအချိုးအစားအများဆုံးဒေသမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး လူဦးရေ ၇ သန်းကျော်ရှိသည်။ ဒုတိယအများဆုံးမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး တတိယမှာ မန္တလေးတိုင်းဒေသကြီးဖြစ်ရာ ထိုတိုင်းဒေသကြီး သုံးခုတည်းပင် လူဦးရေ ၃၈ သန်းကျော်ရှိသဖြင့် ကျန်ဒေသများအားလုံး၏ လူဦးရေမှာ ၁၃ သန်းကျော်သာရှိလေသည်။ ထိုအထဲတွင် လူဦးရေ အနည်းဆုံးဒေသမှာ ကယားပြည်နယ်ဖြစ်ပြီး ယင်းနောက် ချင်းပြည်နယ်နှင့် နေပြည်တော်တို့ဖြစ်လေသည်။

ထိုကဲ့သို့သော လူဦးရေစာရင်းအမှန်ကို ရရှိနိုင်ရန်အတွက် နိုင်ငံတကာမှ တွက်ချက်ထားသော လူဦးရေစာရင်းအား ခြောက်လတစ်ကြိမ်တွက်ချက်ခြင်း၊ သင်တန်းများပေးခြင်း၊ နည်းပညာသုံးစက်ကိရိယာများတပ်ဆင်ခြင်း၊ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်း၊ လူထုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအပါအဝင် ၃၅ လတာ ပြင်ဆင်လုပ်ကိုင်ဆောင်ရွက်ခဲ့သည့်အပြင် စာရင်းမကောက်ယူနိုင်သော ဒေသအချို့အတွက် ခန့်မှန်းတွက်ချက်ထည့်သွင်းထားကြောင်း သိရသည်။

မြို့ပြလူဦးရေအချိုးမှာ ၃၅ သန်းနီးပါးရှိပြီး လူဦးရေအထူထပ်ဆုံးမြို့မှာ ရန်ကုန်မြို့ဖြစ်သည်။ မြို့ပြလူဦးရေ အနည်းဆုံးမြို့မှာ ဟားခါးမြို့ဖြစ်ပြီး မြို့ကြီးတိုင်းအားလုံးလိုလိုတွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုများကြောင်း တွေ့ရပေသည်။ လူဦးရေအများစုမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး ၎င်းတို့မှာ အခြေခံလူတန်းစားများဖြစ်သည်။

လူဦးရေစာရင်းမှန်ကောက်ယူခြင်းကို မြန်မာနိုင်ငံ၏စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ၊ အမျိုးသား ပေါင်းစည်းညီညွတ်ရေးလုပ်ငန်းစဉ်များအတွက် အစီအစဉ်များ ချမှတ်ရာတွင် လူဦးရေအရွယ်အစား၊ ပျံ့နှံ့မှုနှင့်အသွင်အပြင်လက္ခဏာများ သိရှိနိုင်ရန်အတွက်ထိုစီမံကိန်းကို နိုင်ငံတော်က အလေးထားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ကောက်ယူရရှိခဲ့သော လူဦးရေကိန်းဂဏန်းအမှန်ကို အခြေခံ၍ အထက်ပါဆောင်ရွက်ဖွယ်ရာများကို ဆောင်ရွက်နိုင်မည်ဖြစ်၍ နိုင်ငံအတွက်သာမက အများပြည်သူအတွက်ပါ အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်သည်။ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအထောက်အကူပြုမည်မှာ အမှန်ဖြစ်ပါသည်။ ။

# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စည်းဝေး

**နေပြည်တော် ဩဂုတ် ၃၁**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ် အထောက်အကူပြုဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဗဟိုကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် ချမှတ်၍ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်လုပ်ငန်းကော်မတီများ၊ အထောက်အကူပြုကော်မတီ (ပြည်ထောင်စုဝန်ကြီးဌာန) များအား ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ လုပ်ငန်းစဉ်(၈)ရပ်၏ ကဏ္ဍအလိုက် လုပ်ငန်းတိုးတက် အကောင်အထည်ဖော်နိုင်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် တိကျမှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များဖြင့် ဖော်ပြရန်လိုအပ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများသည် အဓိကအရေးပါသည့်အလျောက် လုပ်ငန်းစဉ် (၈)ရပ်တွင်ပါဝင်သည့် အသေးစားငွေချေးလုပ်ငန်းများ၊ သမဝါယမ အစုအဖွဲ့လုပ်ငန်းများ၊ ကျေးလက်မီးလင်းရေး၊ ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် SME လုပ်ငန်းများကို ကဏ္ဍအလိုက် အားပေးမြှင့်တင်ပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ အိမ်တွင်းစက်မှုလက်မှု၊ အသေးစားထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်နေသည့် နှစ်ချင်းဆပ်ချေးငွေများကို သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထို့ပြင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို အထောက်အကူပြုဝန်ကြီးဌာန ရှစ်ခုပေါင်းစပ်၍ ရက်တိုသင်တန်းများဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ အထောက်အကူပြု ကော်မတီများမှ လစဉ် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို မိမိတို့ဝန်ကြီးဌာနသို့ ပြုစုပေးပို့ကြပါရန် ပြောကြားသည်။

ထို့နောက် အထောက်အကူပြု ကော်မတီများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် လိုအပ်ချက်များ ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး နေပြည်တော်၌ကျင်းပမည် သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

**နေပြည်တော် ဩဂုတ် ၃၁**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး (25th ASEAN SUMMIT)ကို နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် www.asean2014.gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ (25th ASEAN SUMMIT)ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို အောက်တိုဘာ ၁၅ ရက်နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ နေပြည်တော်ရှိ Sky Palace Hotel ၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာ သံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက အာဆီယံရေးရာဦးစီးဌာန ဖုန်း-၀၆၇-၄၁၂၂၂၇နှင့် ၄၁၂၀၅၇ တို့သို့ လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇- ၄၁၂၀၂၅ နှင့် ၄၁၂၀၂၆ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**









❐ ရှေ့ဖုံးမှ

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်များချမှတ်ပြီး နိုင်ငံရေးဆွေးနွေးပွဲများကို အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် ငြိမ်းချမ်းရေးရဲ့ အခြေခံအုတ်မြစ်ကို ကျွန်တော်တို့ အစိုးရလက်ထက်မှာ ချမှတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အသိပေးတင်ပြလိုပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း အခါအခွင့်သင့်တိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးလျက်ရှိပါတယ်။ ဩဂုတ်လအတွင်းမှာ “ဝ” အထူးဒေသ(၂)၊ မိုင်းလားအထူးဒေသ (၄)နဲ့ SSPP/SSA မှ ကိုယ်စားလှယ်များကို လက်ခံတွေ့ဆုံခဲ့ပါတယ်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်များထဲမှာ ထိုအဖွဲ့များအနေနဲ့ ပူးပေါင်းပါဝင်လိုသည့်ဆန္ဒများရှိကြောင်းကို ဆွေးနွေးဖလှယ်ခဲ့ကြပါတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ နှစ်ပေါင်းခြောက်ဆယ်ကျော်ကြာခဲ့တဲ့ မပြေလည်မှုတွေ၊ ပဋိပက္ခတွေကို ညှိနှိုင်းအဖြေရှာနေရတာဖြစ်တဲ့အတွက် လိုအပ်တဲ့အချိန်ကာလတစ်ခုကို ဖြတ်သန်းရမယ်ဆိုတာကို နားလည်လက်ခံပေးကြရမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း နိုင်ငံရေးလက်တွေ့ဆန်မှုအရ နိုင်ငံရေးခေါင်းဆောင်များ၊ တပ်မတော်ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ခေါင်းဆောင်များအပါအဝင် ပြည်သူတစ်ဦးချင်းစီအနေနဲ့ စိတ်ရင်းစေတနာကောင်းများကို အားပြုပြီး လက်ရှိအခြေအနေများကိုသာမက ကောင်းမွန်တဲ့ အနာဂတ်များမျှော်မှန်းထားရှိပြီး ရဲရဲဝံ့ဝံ့ဆက်လက်ဆောင်ရွက်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။

ဩဂုတ်လအတွင်းမှာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံဒေသတွင်းဖိုရမ်နဲ့ အခြားအရေးပါတဲ့ ဆက်စပ်အစည်းအဝေးများကို နေပြည်တော်မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ လက်ရှိအရေးကြီးတဲ့ ကမ္ဘာ့ရေးရာကိစ္စရပ်များနဲ့ ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။ ဒီအစည်းအဝေးများဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတကာဆက်ဆံရေးမှာ အရေးကြီးတဲ့ ပွဲကြီးတစ်ပွဲကို အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ခြင်းဖြစ်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

ထို့အတူ ယခုလ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အထိ အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကိုလည်း ကျင်းပနိုင်ခဲ့ပါတယ်။ အဆိုပါအစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်နဲ့ ရုရှားဖက်ဒရေးရှင်း၊ အီးယူကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ပါတယ်။

ပိတ်ဆို့အရေးယူမှုတွေနဲ့ နှစ်ပေါင်းများစွာ အထီးကျန်ခဲ့ရမှုတွေကနေ ရုန်းထွက်နိုင်ဖို့ ကြိုးပမ်းနေတဲ့ကာလမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီဆွေးနွေးပွဲကြီးကို အောင်အောင်မြင်မြင် လက်ခံကျင်းပနိုင်ခဲ့တဲ့အတွက် နိုင်ငံအတွက် အောင်မြင်မှုတစ်ရပ်ဖြစ်ပါတယ်။ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံဥက္ကဋ္ဌ တာဝန်ယူထားရတဲ့နိုင်ငံအနေနဲ့ ထိုက်တန်တဲ့ ကြိုးပမ်းဆောင်ရွက်မှုတစ်ခုလည်း ဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲကြီးများ ဖြစ်မြောက်ရေးအတွက် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ ဝန်ထမ်းများနဲ့ ကျရာကဏ္ဍများမှာ အဆင့်ဆင့်တာဝန်ယူခဲ့ကြတဲ့ ပုဂ္ဂိုလ်အသီးသီးကိုလည်း ချီးကျူးဂုဏ်ပြုအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံရဲ့ ဒေသတချို့မှာ ဩဂုတ်လအတွင်းက ဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှုကိစ္စရပ်များဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ဒီကနေ့ခေတ်ကာလများမှာ ရှောင်လွှဲဖို့ခက်ခဲတဲ့ သဘာဝဘေးအန္တရာယ်တွေရဲ့စိန်ခေါ်မှုတွေကို ယခင်ကာလများကထက် ပိုမိုရင်ဆိုင်လာရပြီး ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ အမြဲပြင်ဆင်ထားရမယ်ဆိုတဲ့ သတိပေးမှုလည်းဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ရဲ့ ခြိမ်းခြောက်မှုများ၊ ဆိုးကျိုးများကို လျှော့ချနိုင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ရင်ဆိုင်တုံ့ပြန်ခြင်းနဲ့ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို ကျွန်တော်တို့အစိုးရအနေနဲ့ ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ပြီး အစဉ်တိုးတက်ကောင်းမွန်စေဖို့ ကြိုးပမ်းနေပါတယ်။ အခက်အခဲကြုံတွေ့နေရတဲ့ ပြည်သူတွေကို မွန်မြတ်စွာကူညီခဲ့ကြတဲ့အဖွဲ့အစည်းများနဲ့ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီရဲ့ ဆောင်ရွက်မှုများကိုလည်း အထူးဂုဏ်ယူဝမ်းမြောက်မိကြောင်းလည်းပြောကြားလိုပါတယ်။

အသွင်ကူးပြောင်းရေး ဆောင်ရွက်ရတဲ့နိုင်ငံတိုင်းမှာ ကြုံတွေ့ရတဲ့ ပြဿနာများထဲမှာ ကျေးလက်မြို့ပြ မြေယာစီမံခန့်ခွဲရေးနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဟာ အရေးအကြီးဆုံးနဲ့ ခက်ခဲတဲ့ကိစ္စတစ်ရပ်ပဲ ဖြစ်ပါတယ်။ မြို့ပြနဲ့ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် မြေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲအသုံးပြုနိုင်ရမှာဖြစ်ပါတယ်။ အိုးမဲ့အိမ်မဲ့များ၊ ကျူးကျော်ကိစ္စရပ်များနဲ့ ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ဥပဒေမဲ့ကျူးကျော်မှုများကို အရေးယူဆောင်ရွက်လျက်ရှိသလို အမှန်တကယ် မြေယာမရှိတဲ့ တောင်သူများကို မြေယာခွဲဝေပေးရေးဟာလည်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကြီးမားတဲ့ အထောက်အပံ့ဖြစ်တယ်လို့ခံယူပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

**လက်ရှိဆောင်ရွက်နေတဲ့ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို ရန်ကုန်နဲ့ မန္တလေးလိုနေရာများမှာသာမကဘဲ မြို့ကြီးများဖြစ်တဲ့ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မုံရွာ၊ မကွေးနှင့် စစ်တွေလိုနေရာမျိုးမှာ ပြည်သူလူထုအများစု လက်လှမ်းမီစေနိုင်မယ့် ပြည်သူ့အိမ်ရာစီမံကိန်းတွေကို မြို့ရွာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။**

တစ်ဖက်မှာလည်း မြန်မာနိုင်ငံရဲ့ အဓိကစီးပွားရေးမြို့တော်ဖြစ်ပြီး လူဦးရေ ငါးသန်းကျော် မှီတင်းနေထိုင်တဲ့ ရန်ကုန်မြို့တော်အပါအဝင် အခြားမြို့ကြီးများအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ စနစ်ကျတဲ့ မြို့ပြစီမံကိန်းလုပ်ငန်းများကို အလေးထားလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ရန်ကုန်မြို့တော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနဲ့ သဟဇာတရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်းတို့ကိုပိုင်ဆိုင်ပြီး အာရှတိုက်ရဲ့ နေချင်စဖွယ်၊ လာရောက်လည်ပတ်ချင်စဖွယ် အကောင်းဆုံးမြို့ကြီးများထဲက မြို့တစ်မြို့အဖြစ် ပေါ်ပေါက်လာစေရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရမှာလည်းဖြစ်ပါတယ်။ အာရှတိုက်ရဲ့ အခြားမြို့ကြီးများထက် ရှေးဟောင်းအဆောက်အအုံများ၊ ဗိသုကာလက်ရာများနဲ့ ပြည့်စုံတဲ့ ရန်ကုန်မြို့တော် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ ရန်ကုန်မြို့ရဲ့ ရှေးဟောင်းဗိသုကာအဆောက်အအုံများ ထိန်းသိမ်းရေးကို အဓိကဆောင်ရွက်နေတဲ့ ရန်ကုန်မြို့ အမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့(YHT)တို့ ပူးပေါင်းဆောင်ရွက်နေတာကလည်း ကောင်းမွန်တဲ့ စံပြလုပ်ဆောင်မှုလည်းဖြစ်ပါတယ်။

သမိုင်းဝင် အဆောက်အအုံများအတွက် အထိမ်းအမှတ် ကမ္ပည်းပြားတပ်ဆင်ခြင်းလုပ်ငန်းစဉ်များရဲ့ ပထမဆုံး ဆောင်ရွက်မှုအဖြစ် မြို့တော်ခန်းမရဲ့ ကမ္ပည်းပြားတပ်ဆင်ခြင်းကို ဩဂုတ်လအစောပိုင်းက စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး သမိုင်းဝင် ဗိသုကာနေရာ ၁၀၀ ကျော်အတွက် အထိမ်းအမှတ်ကမ္ပည်းပြားများ တပ်ဆင်ခြင်းကို ၂၀၁၆ ခုနှစ်အမီ စိုက်ထူနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဩဂုတ်လနောက်ဆုံးပတ်အတွင်းမှာ ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနဲ့ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအကြား ဟန်ချက်ညီညီဆောင်ရွက်နိုင်မှု၊ အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မှု ပိုမိုမြင့်မားစေဖို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လေးလပတ်အစည်းအဝေးကို ခေါ်ယူကျင်းပခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

# ကနီမြို့နယ်တွင် ရေဝါချောင်းရေကျဆင်းမှုကြောင့် ပျက်စီးခဲ့သော လျှပ်စစ်ဓာတ်တိုင်များ အချိန်နှင့်တစ်ပြေးညီ ပြုပြင်ပြီးစီး

**ကနီ ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ဩဂုတ် ၃၀ ရက် နံနက် ၄ နာရီက မိုးများအဆက်မပြတ်ရွာသွန်းခဲ့၍ နံနက် ၉ နာရီခွဲခန့်တွင် ရေဝါချောင်းရေများ ကမ်းလုံးပြည့် ကျဆင်းလာသဖြင့် ကနီမြို့သို့ သွယ်တန်းထားသည့် ဓာတ်အားလိုင်းကြိုးများ ချောင်းအတွင်းမှ ဓာတ်တိုင်များ လဲကျပျက်စီးခဲ့ကြောင်း သိရသည်။

လဲကျပျက်စီးခဲ့သော ဓာတ်တိုင်များကို ချောင်းရေများ လျော့နည်းချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးကျော်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူး၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူးတို့က ကြီးကြပ်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူးနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ မြို့နယ်လူမှုရေးအဖွဲ့အစည်းအသီးသီးနှင့် မြို့သူမြို့သားများက ဝိုင်းဝန်းကူညီကာ ဓာတ်တိုင်များ စိုက်ထူပေးခြင်း**(ယာပုံ)**၊ သက်ဆိုင်ရာလျှပ်စစ်ဝန်ထမ်းများက ဓာတ်ကြိုးများ ပြန်လည်ပြုပြင် ဆောင်ရွက်ခဲ့ကြသည့်အတွက် ဓာတ်တိုင်များပြီးစီး၍ ည ၈ နာရီ ၄၂ မိနစ် ခန့်တွင် တစ်မြို့လုံး လျှပ်စစ်မီးများ ပြန်လည်ပေးအပ်နိုင်ခဲ့သဖြင့် ပြည်သူများက ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**





# အေယူနှင့် အစိုးရတပ်များ ထိုးစစ်ဆင် အစ္စလာမ္မစ်တို့ ခြေကုပ်စခန်းကို သိမ်းပိုက်နိုင်



အေယူတပ်ဖွဲ့များ တောတွင်းလမ်းမှ ချီတက်နေကြစဉ်။

**မိုဂါဒစ်ရှူး ဩဂုတ် ၃၁**

ဆိုမာလီနိုင်ငံတွင် အာဖရိကသမဂ္ဂ(အေယူ) တပ်ဖွဲ့နှင့် အစိုးရတပ်များ ပူးပေါင်း၍ အစ္စလာမ္မစ် တိုက်ခိုက်ရေးသမားများ၏လက်မှ အဓိက ဆိပ်ကမ်းများကို ပြန်လည်သိမ်းယူရန် ရည်ရွယ်ချက်ဖြင့် ထိုးစစ်ဆင်လျက်ရှိရာ စနေနေ့တွင် ရှာဘက်တို့၏ ခြေကုပ်စခန်းဟောင်းတစ်ခုကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း အေအက်ဖ်ပီက ဖော်ပြသည်။

မြို့တော် မိုဂါဒစ်ရှူး၏ အနောက်တောင်ဘက်မိုင် ၁၀၀ ခန့်အကွာရှိ ဘူလိုဘားရားမြို့ကို ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း ဆိုမာလီမှ အေယူအဖွဲ့ (အေအမ်အိုင်အက်စ်အိုအမ်) က ပြောသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီတွင် ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံနေရသော လျှို့ဝှက်အေးဂျင့်တစ်ဦးကို ကယ်ဆယ်ရန် ပြင်သစ်ကွန်မန်ဒိုများက ယင်းမြို့ကို ဝင်ရောက်စီးနင်းရန် ကြိုးပမ်းခဲ့ရာ မအောင်မမြင်ဖြစ်ခဲ့ရပြီး ရလဒ်အဖြစ် ပြင်သစ်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် ဓားစာခံသေဆုံးခဲ့ရသည်။

အစ္စလာမ္မစ်အစွန်းရောက်တို့၏ အဓိက အခွန်ကောက်ခံရာ အရင်းအမြစ်များအနက်မှ တစ်ခုကို ဖြတ်တောက်ရန် ကြိုးပမ်းသည့်အနေဖြင့် ၎င်းတို့ ထိန်းချုပ်ထားသည့် အဓိက ဆိပ်ကမ်းများကို ပြန်လည်သိမ်းယူရန် ရည်ရွယ်ချက်ဖြင့် ထိုးစစ်အသစ်ဆင်နွှဲခြင်းဖြစ်သည်။

အိန္ဒိယသမုဒ္ဒရာဟု အမည်ပေးထားသော စစ်ဆင်ရေးကို သောကြာနေ့ညတွင် စတင်ခဲ့ကြောင်း၊ ရန်သူများ ထွက်ပြေးကြကြောင်း၊ ၎င်းတို့တပ်ဖွဲ့များသည် အောင်မြင်စွာ ရှေ့သို့ဆက်လက်ချီတက်လျက်ရှိကြောင်း ဆိုမာလီနိုင်ငံ ရှာဗယ် လီအောက်ပိုင်းဒေသ အုပ်ချုပ်ရေးမှူး အဒူကာဒီယာမိုဟာမက်နူအာက ပြောသည်။

မျက်မြင်တွေ့သူများက လက်နက်ကြီး ပစ်ခတ်သံများကို ကြားရကြောင်း၊ တင့်ကားနှင့် သံချပ်ကာကားများကို မိုဂါဒစ်ရှူး အနောက်တောင်ဘက်၌ တွေ့မြင်ရကြောင်း ပြောကြားသည်။

ဆိုမာလီနိုင်ငံ အိန္ဒိယသမုဒ္ဒရာကမ်းခြေ၌ ရှိသော အစ္စလာမ္မစ်များ သိမ်းပိုက်ထားသည့် နောက်ဆုံးအဓိက ဆိပ်ကမ်းဘာရာဝီသို့ သွားသော လမ်းများပေါ်တွင် အာဖရိကသမဂ္ဂတပ်ဖွဲ့များနှင့် အစိုးရတပ်များကို တွေ့မြင်ရသည်ဟု ဆိုသည်။

**အေအက်ဖ်ပီ။**

# ဂိုလန်ကုန်းမြင့်မှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များအား ကယ်ထုတ်နိုင်

**ဒမတ်စကတ် ဩဂုတ် ၃၁**

ဆီးရီးယားနိုင်ငံ ဂိုလန်ကုန်းမြင့်ဒေသတွင်း၌ ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတာဝန်ထမ်းဆောင်နေသည့် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များအနက်မှ ၃၂ဦးအား ကယ်ထုတ်နိုင်ခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၃၁ ရက်တွင် ပြောကြားသည်။

မြေပြင်အခြေအနေ၌ တင်းမာမှုများရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားပြီး အခြားတစ်ပါးသော ထောက်ကူမှုလုပ်ငန်းနှင့် ပတ်သက်၍ အသေးစိတ် ပြောကြားခြင်း မရှိပေ။

ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းလုပ်ဆောင်နေသည့် အခြားဖိလစ်ပိုင် တပ်ဖွဲ့ဝင် ၄၀ ခန့်မှာ ၎င်းတို့၏ စခန်းအား ဆီးရီးယားသူပုန်အဖွဲ့များက သိမ်းယူအပြီး ခုနစ်နာရီအကြာတွင် ပြန်လည်လွတ်မြောက်သွားခဲ့ကြောင်း ဖိလစ်ပိုင် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောကြားသည်။ ဆီးရီးယား သူပုန်တပ်ဖွဲ့များက ပြောကြားရာ၌ အယ်ကေဒါအဖွဲ့နှင့် ဆက်နွှယ်မှုရှိသည့် နူဆရာတပ်ဦးအဖွဲ့က ဖီဂျီတပ်ဖွဲ့ဝင် ၄၄ ဦးအား ထိန်းသိမ်းထားသည်ဟု ဆိုသည်။

ဆီးရီးယား သူပုန်အဖွဲ့များသည် ဂိုလန်ကုန်းမြင့်ဒေသမှ အစ္စရေးတို့ သိမ်းပိုက်ထားသည့် ဂိုလန်ကုန်းမြင့်ဖြတ်ကျော်ဒေသအား သိမ်းပိုက်ခဲ့ဖြစ်သည်။

ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ လွတ်မြောက်ရေးအတွက် အရေးပါသော တောင်းဆိုမှုတစ်ရပ်ကို ၎င်းတို့ အနေဖြင့် ပြုလုပ်မည်ဖြစ်ကြောင်း ဖိလစ်ပိုင် လက်နက်ကိုင် တပ်ဖွဲ့များ၏ အကြီးအကဲ ဗိုလ်ချုပ်ကြီး ဂရီဂိုရီယို ပီဟိုကက်တမ်က မြို့တော် မနီလာတွင် ယနေ့ ပြောကြားသည်။

**ဘီဘီစီ။**

# ဘာရာဇီးတွင် လေယာဉ်ပျက်ကျ နှစ်ဦးသေ

**ကူရီတီဘာ ဩဂုတ် ၃၁**

ဘာရာဇီးနိုင်ငံတောင်ပိုင်း ကူရီတီဘာမြို့တွင် ဩဂုတ် ၃၀ ရက်က အင်ဂျင်တစ်လုံးတပ် လေယာဉ်တစ်စင်း ပျက်ကျကြောင်း၊ ဖြစ်စဉ်ကြောင့် နှစ်ဦးသေဆုံးကြောင်း သတင်းတွင် ဖော်ပြသည်။

ဆက်ဆနာ ၁၇၇ အမျိုးအစား လေယာဉ်က ဘာရာဇီးနိုင်ငံ အနောက်မြောက်ဘက်မှ မိုင် ၂၅၀ ကွာဝေးသော လွန်ဒရီနာမြို့သို့ ဦးတည်ပျံသန်းလာခြင်းဖြစ်ကြောင်း၊ လေယာဉ်ပေါ်တွင် လူလေးဦး လိုက်ပါလာကြောင်း၊ ဒေသခံများ နေထိုင်ရာ နေရာတွင် အင်ဂျင်စက်ချွတ်ယွင်းမှုပေါ်ပေါက်ပြီးနောက်ပျက်ကျခြင်းဖြစ်ကြောင်း လေကြောင်းထိန်းသိမ်းရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြသည်။

လေယာဉ်ပေါ်ပါ ခရီးသည်တစ်ဦး မီးလောင်ဒဏ်ရာပြင်းထန်စွာ ရရှိပြီးနောက် ဆေးရုံ၌ ကုသမှုခံယူလျက်ရှိကြောင်း၊ တစ်ဦးမှာ ဒဏ်ရာ အနည်းငယ်သာရရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# နိုင်ငံမြောက်ပိုင်းဒေသမှ အမ်မာလီမြို့သို့ အီရတ်တပ်ဖွဲ့ဝင်များ ရောက်ရှိ

အမ်မာလီ ဩဂုတ် ၃၁

**အီရတ်တပ်ဖွဲ့များသည် အီရတ်နိုင်ငံမြောက်ပိုင်း ဝိုင်းရံခြင်းခံနေရသည့် အမ်မာလီမြို့သို့ ရောက်ရှိလာကြောင်း၊ ယင်းမြို့အတွင်း၌ လူထောင်ပေါင်းများစွာကို ဘာသာရေးအစွန်းရောက်များက ပိတ်ဆို့ထားကြောင်း စစ်ဘက်တာဝန်ရှိသူများက ပြောသည်။**

အဆိုပါမြို့အနီးဝန်းကျင်ရှိ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအတွက် ကြိုးပမ်းနေသည့် လက်နက်ကိုင်အဖွဲ့များအား အမေရိကန်နိုင်ငံက တစ်ညလုံးလေကြောင်းမှ တိုက်ခိုက်ခဲ့ပြီးနောက် အဆိုပါရလဒ် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သတင်းဖော်ပြသည်။



အီရတ်တပ်ဖွဲ့များ အမ်မာလီမြို့သို့ ရောက်ရှိလာစဉ်။

ဗြိတိန်၊ ပြင်သစ်နှင့် ဩစတြေးလျနိုင်ငံတို့သည် အမေရိကန်နိုင်ငံနှင့် ပူးပေါင်း၍ ယင်းဒေသတွင်းရှိ စစ်ပြေးဒုက္ခသည်များအတွက် လူသားချင်းစာနာထောက်ထားသော အကူအညီများ လေကြောင်းမှ ချပေးခဲ့သည်။

ယင်းဒေသအတွင်းမှ လူဦးရေ ၁၅၀၀၀ ကျော်ရှိသည့် လူနည်းစု ရှီယာတာ့ခ်ဟန်မျိုးနွယ်စုများသည် အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်လိုသည့် လက်နက်ကိုင် တပ်ဖွဲ့များ၏ နှစ်လကျော်ကြာ ပိတ်ဆို့ဟန့်တားဝန်းရံမှုများကို ကြုံတွေ့ခဲ့ရသည်။

အီရတ်အစိုးရတပ်ဖွဲ့ဝင်များနှင့် အပျော်တမ်းတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၃၁ ရက်တွင် အမ်မာလီ မြို့တွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း အီရတ်စစ်ဘက်ဆိုင်ရာ သတင်းရပ်ကွက်များက ဘီဘီစီသတင်းဌာနသို့ ပြောကြားသည်။

**ဘီဘီစီ။**

# အာဖဂန်တွင် ယာဉ်မတော်တဆဖြစ် ၂၃ ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

**ဟီရတ် ဩဂုတ် ၃၁**

အာဖဂန်နစ္စတန်အနောက်ပိုင်း ဟီရတ်ပြည်နယ်တွင် ဩဂုတ် ၃၁ရက် နံနက်ပိုင်းက ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ကားတစ်စီးတို့တိုက်မိရာ ၂၃ ဦးထက် မနည်းသေဆုံး၍ လေးဦးဒဏ်ရာရရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဟီရတ်-အစ္စလာမ်ကွာလာ အဝေးပြေးလမ်းမကြီးပေါ်တွင် ဒေသစံတော်ချိန် နံနက် ၇နာရီခွဲခန့်က အဆိုပါယာဉ်နှစ်စီး ခေါင်းချင်းဆိုင် တိုက်မိခြင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အခင်းဖြစ်ပွားရာ နေရာသို့ ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့များ လျင်မြန်စွာ ရောက်ရှိလာကြောင်း၊ ဒဏ်ရာရရှိသွားသူများအား နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးလိုက်ကြောင်း၊ သေဆုံး ဒဏ်ရာရသွားသူများအထဲတွင် အမျိုးသမီးများနှင့် ကလေးများ ပါဝင်ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ။**

# ဘာဒါဘန်ဂါမီးတောင်အနီး လေယာဉ်များ မပျံသန်းရန် အိုက်စလန် သတိပေး

ရေကျာဗစ် ဩဂုတ် ၃၁

ဘာဒါဘန်ဂါမီးတောင်အနီးရှိ အက်ကွဲကြောင်းတစ်ခုမှ အသစ်တစ်ဖန် ပေါက်ကွဲမှုများဖြစ်ပေါ်ပြီးနောက် အိုက်စလန်နိုင်ငံက လေကြောင်းပျံသန်းမှုဆိုင်ရာ သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

သို့သော် ပေါက်ကွဲမှုကြောင့် ချော်ရည်များ စီးထွက်မှုမှာ ငြိမ်သက်ကြောင်း၊ ယင်းကို မြေလျှင်တိုင်းတာရေးရေိယာတွင် တွေ့မြင်ရရန် မလွယ်ကူကြောင်း အိုက်စလန် မက်အော့ဖစ်က ဖော်ပြသည်။

အဆိုပါ သတိပေးချက်သည် မီးတောင်ထိပ်ဝမှ ပေ ၆၀၀၀ အတွင်း လေယာဉ်များ ပျံသန်းခြင်းကို တားမြစ်မည်ဖြစ်သည်။ ၂၀၁၀ ခုနှစ်က အိုက်စလန်နိုင်ငံတွင် အခြားမီးတောင်တစ်လုံးပေါက်ကွဲခဲ့ရာမှ ထွက်လာသောပြာများက ဥရောပသို့ လေယာဉ်များ ပျံသန်းခြင်းကို အနှောင့်အယှက်ပြုခဲ့သည်။

ဟိုလူရာအမ်ချော်ရည်ဧရိယာ၌ တနင်္ဂနွေနေ့က ပေါက်ကွဲခြင်းသည် ငြိမ်သက်သော်လည်း ဆက်လက်ဖြစ်နေဆဲဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။

နောက်ဆုံးပေါက်ကွဲမှုသည် သောကြာနေ့ နံနက်ပိုင်းပေါက်ကွဲမှုထက် ပိုမိုပြင်းထန်ကြောင်း၊ ချော်ရည်များ စီးဆင်းမှုသည် ၁၀ ဆမျှရှိကြောင်း အိုက်စလန်တက္ကသိုလ်မှ ဘူမိဗေဒပညာရှင် အာမန်ဟော့စ်ကူးဘွန်းက ပြောသည်။

ဘီဘီစီ။

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**တမူး ဩဂုတ် ၃၁**

မူးယစ်တပ်ဖွဲ့စု (၇) တမူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက်က တမူးမြို့ စော်ဘွား(၅) ရပ်ကွက် ဆန်းစစ်လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိလာသူ သက်ထူး၊ မျိုးမင်းအောင်နှင့် ဂင်္ဂါမောင်ဆိုသူတို့အား ရှာဖွေရာ သက်ထူး ကိုင်ဆောင်လာသည့် ကြွပ်ကြွပ်အိတ်နှင့် ၎င်း၏ ဆိုင်ကယ်တူးဘောက်အတွင်းမှ ဘိန်းဖြူ အလေးချိန် ၁၂၀ ဂရမ်သိမ်းဆည်းရမိသဖြင့်သက်ထူး(ခ) မြတ်ထူး (၃၃)နှစ်၊ မျိုးမင်းအောင်(ခ) အဲလေး(၂၇)နှစ်နှင့်ဂင်္ဂါမောင် (၂၀)နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကျိုင်းတုံ**

အလားတူ မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက်က နောင်ဖာရဲကင်းရှေ့၌ ယန်းလောရွာဘက်မှ ကျိုင်းတုံမြို့သို့ ဆိုင်ကယ်မောင်းနှင်လာသူ ဇော်ဦးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိသဖြင့် ဇော်ဦး(၂၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဩဂုတ် ၂၉ ရက်က မူးယစ်တပ်ဖွဲ့စု (၂၈) ကျိုင်းတုံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ဖာရဲကင်းရှေ့၌ ယန်းလောရွာဘက်မှ ကျိုင်းတုံမြို့သို့ အောင်ကျော်ကျော်စိုးမောင်းနှင်ပြီး နိုင်ဝင်းထွန်းလိုက်ပါလာသော ဆိုင်ကယ်အား ရှာဖွေရာ အောင်ကျော်ကျော်စိုးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိသဖြင့် အောင်ကျော်ကျော်စိုး (၂၃)နှစ်နှင့် နိုင်ဝင်းထွန်း (၂၁) နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**



## ဥဇဘက်ကစ္စတန်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကမီလော့ဗ် အဗ္ဗဒူလာဇစ် ခါဖစ်ဇိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## သံလွင်မြစ်ရေ အခြေအနေ

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၈ စင်တီမီတာ(ပေဝက်ခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

## ပေါ့ဆမှုကြောင့် တောပုန်းသေနတ်ပေါက်ထွက်၍ ကလေးနှစ်ဦးဒဏ်ရာရ

**မြိတ် ဩဂုတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အလယ်ချောင်းကျေးရွာအုပ်စု ပနိုကျေးရွာတွင် ဩဂုတ် ၃၀ ရက် ညနေ ၃ နာရီခွဲက ဖခင်ဖြစ်သူ၏ပေါ့ဆမှုကြောင့် တောပုန်းသေနတ်ပေါက်ထွက်၍ ကလေးနှစ်ဦးဒဏ်ရာများ အပြင်းအထန်ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ဦးမောင်ထွေးငယ်သည် ပနိုကျေးရွာရှိ ၎င်း၏ နေအိမ်တွင်ရှိနေစဉ် တူမီးယမ်းထောင်း သေနတ်ပေါက်ထွက်သံကြားရပြီး ကလေးများ၏ အော်ငိုသံကြားရ၍ သွားရောက်ကြည့်ရှုခဲ့ရာ ၎င်း၏သမီးဖြစ်သူ မအိနှင်းခိုင်နှင့် မချစ်ချစ်တို့အား တူမီးယမ်းထောင်းသေနတ်ဒဏ်ရာများဖြင့် မြင်တွေ့ခဲ့ရသည်။ ဦးမောင်ထွေးငယ်သည် ဒင်မှပြောင်းဝအထိ အရှည်လေးပေ ငါးလက်မခန့်ရှိ လက်လုပ် တူမီးယမ်းထောင်း သေနတ်တစ်လက်(ယမ်းမပါ)အား ယမ်းထောင်းကာ ခဲသီးကျည်ထည့်လျက် လိုအပ်လျှင် အသုံးပြုရန်အတွက် ထမင်းအိုးတည်သည့် ခေါင်မိုးကြပ်ခိုးစင်၌ထားရာမှ အပူရှိန်ကြောင့် တူမီးယမ်းထောင်းသေနတ် ပေါက်ထွက်ကာ မနှင်းအိခိုင် (၈)နှစ် ပထမတန်း (အထက-၇)ပနိုကျေးရွာ နေထိုင်သူ၏ ကျောကုန်းတွင် ယမ်းထောင်းသေနတ်ခဲသီးကျည်ဝင် ဒဏ်ရာခြောက်ချက်၊ ယာဘက်ပေါင်ရင်းတွင် တူမီးယမ်းထောင်းသေနတ် ခဲသီးကျည်အထွက် ဒဏ်ရာတစ်ချက်(စိုးရိမ်ရ)နှင့် မချစ်ချစ် (၂)နှစ် ပနိုကျေးရွာနေထိုင်သူ၏ ဝဲလက်မောင်းတွင် တူမီးယမ်းထောင်းသေနတ်ခဲသီးကျည် ပွန်းပဲ့ဒဏ်ရာတစ်ချက် (မစိုးရိမ်ရ)တို့ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တူမီးယမ်းထောင်းသေနတ်အား ယမ်းထောင်းကာ ခဲသီးကျည်ထည့်လျက် ပေါ့ဆစွာထားရှိသူ ဦးမောင်ထွေးငယ် (၃၉)နှစ် ဥယျာဉ်လုပ် မြိတ်မြို့နယ် အလယ်ချောင်းကျေးရွာအုပ်စု ပနိုကျေးရွာနေသူအား သမုတ်နယ်မြေရဲစခန်းက (ပ)၁၁/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ အရ အမှုဖွင့်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

## စက်လှေဆွေးမြည့်ဝမ်းပေါက်၍ နစ်မြုပ် ၁၂ ဦးသေ၊ သုံးဦးပျောက်ဆုံး

**နေပြည်တော် ဩဂုတ် ၃၁**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကာဒီကျေးရွာနေ မဲလုံး(ခ)ဂျော့ဘူရာမန် (၂၄)နှစ်မောင်းနှင်ပြီး ခရီးသည် အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၃၉ ဦး လိုက်ပါလာသည့် စက်လှေသည် ဩဂုတ် ၃၀ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်က ကျောက်တော်မြို့နယ် ခေါင်းတုတ်ကျေးရွာသို့ ဈေးဝယ်ရန် ထွက်ခွာလာစဉ် နံနက် ၁၁ နာရီခွဲခန့်က ကျွဲလမ်းချောင်းသို့အရောက် စက်လှေဝမ်းမှ ဆွေးမြည့်နေသော ပျဉ်နှစ်ချပ်ပေါက်ကာ ရေဝင်နစ်မြုပ်ခဲ့သည်။

ထိုသို့နစ်မြုပ်မှုကြောင့် စက်လှေပေါ်ပါ ခရီးသည် ၃၉ ဦးအနက် ပုဏ္ဏားကျွန်းမြို့နယ် ကာဒီကျေးရွာနေ ဟာဇီအီစွလာမ် (၆)နှစ်ပါ အမျိုးသား ငါးဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်း ၁၂ ဦးတို့ ရေနစ်သေဆုံး သွားခဲ့ပြီး တစ်ရပ်တည်းနေ မမူဟာရိတ် (၇)နှစ်ပါ အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း သုံးဦးတို့မှာ ပျောက်ဆုံးနေသဖြင့် လိုက်လံရှာဖွေလျက်ရှိကြောင်းနှင့် မဲလုံး(ခ)ဂျော့ဘူရာမန်အား အပေါက်ဝနယ်မြေရဲစခန်းက (ပ)၃၀/၂၀၁၄၊ ပြစ်မှုပုဒ်မ ၂၈၀/၃၀၄-က ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

## မော်လမြိုင်မြို့ ရပ်ကွက်နှစ်ခုရှိ အများပြည်သူသုံးရေကန်၌ ငါးများသေဆုံး

**မော်လမြိုင် ဩဂုတ် ၃၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက်နှင့် သာယာအေးရပ်ကွက်အတွင်းရှိ အများပြည်သူအားထားအသုံးပြုလျက်ရှိသော ရေကန်အတွင်း၌ ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ငါးများ ရေပေါ်တွင် သေဆုံးလျက်ရှိကြောင်း သိရသည်။

အဆိုပါနေရာသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စည်ပင်/ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဇေယျာသီရိသောက်သုံးရေကန်တွင် ငါးမျိုးစုံကောင်ရေ ၄၀ ခန့်နှင့် သာယာအေးရပ်ကွက်ရေကန်တွင် ငါးကောင်ရေ ၅၀ ခန့်တို့သည် ရေပေါ်တွင် ပေါ်လျက်သေဆုံးနေသည်ကိုတွေ့ရပြီး ထိုသို့ဖြစ်ရခြင်းမှာ ကန်အတွင်း၌ ရေမှော်ပင်များ များပြားလာမှုကြောင့် အောက်ဆီဂျင်အားနည်းကာ အသက်ရှူကျပ်၍ သေဆုံးခြင်းဖြစ်နိုင်ကြောင်း ငါးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါရေကန်အတွင်းရှိရေများအား လဲလှယ်ခြင်းမရှိသည်မှာ သုံးနှစ်ခန့်ရှိပြီး ရေများစုပ်ထုတ်၍ သန့်ရှင်းပြီးရေနမူနာအားဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေး၍ အသုံးပြုရသည့်အခြေအနေရောက်မှ အသုံးပြုကြရန် ဒေါက်တာလှဦးက မှာကြားခဲ့ကြောင်း သိရသည်။ **(ဆက်နေမင်းအောင်)**








# ဆရာ ဆရာမတို့၏ မေတ္တာစေတနာ

**ခင်မောင်ဌေး(ပညာရေး)**

ဆရာ ဆရာမဆိုသည်မှာ အတော်အတန် စေတနာ ဝါသနာပါရုံဖြင့် မဖြစ်နိုင်ပါ။ ကလေးကို ချစ်တတ်ရသည်။ စာသင်ကြားမှုကို စျာန်ဝင်စားရသည်။ ပြင်ပစာပေဗဟုသုတ လေ့လာလိုက်စားမှုတွင်လည်း ဝါသနာထုံရသည်။ လိုအပ်လျှင် မိမိ၏လုပ်အားသာမက ပစ္စည်းဥစ္စာငွေကြေးကိုပင် စိုက်ထုတ်ကုန်ကျခံနိုင်သည့် အနစ်နာခံနိုင်မှုမျိုးလည်းရှိရသည်။

သို့ဖြစ်၍ ဆရာ ဆရာမတစ်ဦးဖြစ်ဖို့ဆိုသည်မှာ နာသုံးနာနှင့်ပင် လုံလောက်သည်ဟုဆို၍မရခြင်းပင်ဖြစ်သည်။ ဤကဲ့သို့သော စေတနာ၊ မေတ္တာမျိုးဖြင့် တပည့်များအပေါ် မိမိ၏ရင်သွေးနှင့်မခြား လူချွန်လူကောင်းကလေးများအဖြစ် ပြုစုပျိုးထောင်ပေးနိုင်သူများဖြစ်သောကြောင့် အနန္တကျေးဇူးရှင်ဆရာသခင်များအဖြစ် ဘုရားနှင့်တစ်ဂိုဏ်းတည်းထားကာ အလေးအနက်ပြုနေကြခြင်းပင်ဖြစ်သည်။

ယနေ့ခေတ်ကာလကလေးများ၏ စရိုက်သဘာဝကို ကြည့်သောအခါ ယင်းတို့လည်းခေသူများ မဟုတ်ကြပါ။ သူငယ်တန်းကလေးကပင် ဟန်းဖုန်းကိုကောင်းကောင်းကိုင်တတ်သည်။ ဂိမ်းကစားတတ်နေသည်။ ငါးတန်း၊ခြောက်တန်းအဆင့်ဆိုလျှင် အတော့်ကိုကျွမ်းကျင်စွာ ကိုင်နိုင်နေသည်။ ကိုးတန်း၊ ဆယ်တန်းဆိုလျှင် ဆရာကြီးအဆင့်လောက်ရှိသည်။ လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်၊ Viber စသည်တို့တွင် ကိုယ်ပိုင် Account ဖြင့် Chatting ထိုင်သူများ၊ download ဆွဲသူများပင်ရှိသည်။

ထိုကဲ့သို့သော ကျောင်းသား ကျောင်းသူများကို ထိန်းကျောင်းဖို့ဆိုသည်မှာ ဆရာ ဆရာမများကိုယ်တိုင်က ထိုကလေးများထက် ခေတ်၏အထာကို ထိုးထွင်းသိမြင်နေဖို့လိုသည်။ ကလေးများပြောဆိုနေသည့် အကြောင်းအရာများကို အဆိုးအကောင်း အကျိုးအကြောင်း ချင့်ချိန်နှိုင်းဆတတ်ဖို့လိုသည်။ (အချို့ဆရာမများ ကလေးများ၏ ထက်ဝက်လောက်ပင်ကျွမ်းကျင်နှံ့စပ်မှုမရှိလှ) အထူးသဖြင့် ပုဂ္ဂလိကကျောင်းများသည် မိဘများ၊ ကျောင်းသားများ၏ စောင့်ကြည့်ခြင်းကို အများဆုံးခံရသည်။ အများစု၏ ခံယူချက်မှာ "ငါတို့ပိုက်ဆံပေးထားတာ"ဆိုသည့် စိတ်ဖြင့် အရာရာကိုအကဲဖြတ်၍ကြည့်တတ်သည်။ အချို့ဆိုလျှင် ပြေပြစ်သော ဆက်ဆံမှုမျိုးကိုပင် မပြုတတ်သူများလည်း ရှိ၏။ အထူးသဖြင့် မိဘအချို့သည် မိမိတို့၏ သားသမီးများကို အကြွင်းမဲ့ ယုံကြည်နေကြသည်။ သားသမီးယုံ၍ စုံလုံးကန်းသူများလည်းရှိသည်။

ဆရာ ဆရာမများသည် မိမိတို့ကြီးပြင်းလာခဲ့ရသည့် ဘဝနှင့်ယှဉ်၍ ကျောင်းသားလူငယ်များကို တော်စေ တတ်စေလိုသည်။ ခေတ်ကာလ ကလေးအများစုကလည်း ပညာရေးထက် နည်းပညာဖွံ့ဖြိုးမှုနောက်သို့ စွဲလမ်းတပ်မက်စွာ လိုက်နေကြသည်။ အချို့ဆိုလျှင်မိဘများ အလိုလိုက်လွန်း၍ ဂိမ်းအလွန်ကစားနေသူများ၊ အတန်းစာမေးပွဲများပင် ဆက်မဖြေနိုင်တော့ဘဲ ကျောင်းပြင်ပရောက်နေသူများလည်း တွေ့နေရသည်။

စာသင်ခန်းကို ထိန်းသိမ်းရခြင်းသည် ဆရာ ဆရာမများ၏ အဓိကတာဝန်ဖြစ်သည်။ စာသင်ခန်းထိန်းသိမ်းခြင်း (Class Control) ကောင်းပါမှ မိမိသင်ကြားလိုသည့် ရည်မှန်းချက်ပန်းတိုင်သို့ရောက်နိုင်သည်။ ရံဖန်ရံခါ ကျောင်းသား ကျောင်းသူတစ်ဦးကြောင့်သော်လည်းကောင်း၊ အချို့ကြောင့်သော်လည်းကောင်း သင်ကြားမှု၊ သင်ယူမှုဖြစ်စဉ်တွင် အနှောင့်အယှက်တွေ့ရတတ်သည်။ စာထဲတွင် အာရုံမဝင်စားသော ကျောင်းသား ကျောင်းသူများကြောင့် စိတ်သောကဖြစ်ရသည်။ တစ်ခါတစ်ရံတွင် သင်ခန်းစာမလုပ်သည့်အပြင် မထီမဲ့မြင်ပြုသော တပည့်ဆိုးများကိုပင် ကြုံရတတ်သည်။

**ခေတ်ကာလ ကလေးအများစုကလည်း ပညာရေးထက် နည်းပညာဖွံ့ဖြိုးမှုနောက်သို့ စွဲလမ်းတပ်မက်စွာ လိုက်နေကြသည်။ အချို့ဆိုလျှင် မိဘများအလိုလိုက်လွန်း၍ ဂိမ်းအလွန်ကစားနေသူများ၊ အတန်းစာမေးပွဲများပင် ဆက်မဖြေနိုင်တော့ဘဲ ကျောင်းပြင်ပ ရောက်နေသူများလည်း တွေ့နေရသည်။**

ဆရာ ဆရာမတို့ စိတ်အာရုံတွင် မိမိတပည့်များကို သင်ကြားလိုက်သည့်အတိုင်း မှတ်သားစေလိုသည်။ အာရုံစိုက်စေလိုသည်။ စာသင်ချိန်အတွင်း စကားများသော၊ စာတွင်စိတ်ဝင်စားမှုမရှိသောတပည့်များကို မျက်စိတစ်ချက်ဝေ့ရုံဖြင့် သိသည်။ သို့သော် အခါတိုင်းအကြိမ်တိုင်း ပြောပြန်လျှင်လည်း မလေးမခန့်ဖြစ်မည်စိုးရသည်။ ထို့ကြောင့် အသိပေးရင်းသတိနှင့်ထိန်းကျောင်းကြရသည်။

စာရေးသူသည် တပည့်များကို အလွန်ချစ်တတ်သည်။ အလိုလည်းလိုက်တတ်သည်။ မြေးအရွယ် ဆိုပေမယ့် အရောဝင်ပြန်လည်းမကောင်း၊ စာသင်ခန်းအတွင်း တင်းကျပ်လွန်းသော စည်းမျဉ်းစည်းကမ်းများဖြင့် သင်ရလျှင်လည်း ပျော်ရွှင်စရာမကောင်းပါ။ စာကိုလည်းသင် စိတ်ကိုလည်းပြင်။ ကျောင်းစာလည်းတော် ကျောင်းမှာလည်းပျော်သည့် ကျောင်းသားကျောင်းသူများအဖြစ် မြင်တွေ့လိုသည်။

သို့သော် တစ်ခါတစ်ရံတွင် နှုတ်မှ ကြမ်းတမ်းစွာပင် လွှတ်ခနဲထွက်သွားတတ်သည်။ ကိုယ့်ကိုယ်ကို ပြန်၍ သတိနှင့်ဆင်ခြင်ရသည်။ တပည့်များကမူ နှုတ်ကြမ်းသည်ကိုပင် ရယ်သွမ်းနေကြသေး၏။ ဆရာက စိတ်ဆိုးလွန်း၍သာ ပြောဆိုခြင်းဖြစ်ကြောင်း ၎င်းတို့ကို နာကျင်အောင် မပြုလုပ်သည်ကို သိနေသောကြောင့်ပင်။

ဤသို့ ဆရာ ဆရာမသဘောကို နားလည်လျှင် တော်သေးသည်။ ဆရာနှင့်တပည့်ကြား နားလည်မှုလွဲကာ မိဘပါဝင်လာခြင်းဖြင့် မလိုလားအပ်သော ပြဿနာများ ဖြစ်ပွားနိုင်ခြင်းကြောင့်ပင်။ ယခုတလောဆရာ ဆရာမများ စေတနာသည် ဝေဒနာဖြစ်ရသည့်အနေအထားသို့ ရောက်သွားရသည့်အဖြစ်အပျက်များကြားနေရသည်။ ဤသို့ဖြစ်ရခြင်းမှာ မိမိတို့၏ မေတ္တာ စေတနာကို ပုံဖော်ရာတွင် စေတနာလွန်သွားသောကြောင့် ဖြစ်သည်။ မိမိတို့က ကောင်းစေလို၍ (ဝါ)နောင်မပြုမူဝံ့အောင်ဆိုသည့် စေတနာကောင်းရှိသော်လည်း မိမိပေးလိုက်သည့် ပြစ်ဒဏ်သည်-

-ကလေးများနှင့်သင့်တင့်မျှတမှုမရှိခြင်း

-လူသားတို့၏ ဂုဏ်သိက္ခာနှင့်မညီခြင်း

-ကလေးများအလယ်တွင် အရှက်ရခြင်း

-မျက်နှာလိုက်သည်ဟု ထင်မြင်ခံရခြင်း

-မိဘဂုဏ်သိက္ခာကို ထိပါးစေခြင်းစသည့်အခြေအနေတစ်ရပ်ရပ်သို့ ရောက်ရှိသွားသောအခါ စေတနာမှ ဝေဒနာဖြစ်သွားနိုင်သည်။

တလောကပင် အိမ်နားကကျောင်းတစ်ကျောင်းတွင် ဆရာမက အတန်းထဲတွင် အလွန်ဆိုး အလွန်ဆော့သော ကျောင်းသားတစ်ဦးကို ပြစ်ဒဏ်ပေးသည်။ ဆရာ ဆရာမ၏ စေတနာကို မသိသော မိဘဆိုလျှင် ပြဿနာပင်ဖြစ်နိုင်သည်။ သို့သော် ထိုမူလတန်း ကလေး၏မိဘက စားသောက်ဖွယ်ရာနှင့်ပင် ဆရာမကို တောင်းပန်၍ ဤသို့ဆုံးမပေးသည်ကို ကျေးဇူးတင်ကြောင်း ပြောသွားသေးသည်။ မိဘတို့၏ ခံယူချက်က စကားပြောသွားခြင်းပင်ဖြစ်သည်။

အချို့ဆရာ ဆရာမများသည် စိတ်တွင်တော်စေတတ်စေလိုခြင်း၊ စည်းကမ်းလိုက်နာစေလိုခြင်း၊ ထူးချွန်ထက်မြက်စေလိုခြင်းစသည့် စိတ်ကောင်းစေတနာကောင်းရှိသော်လည်း ပေးလိုက်မိသည့် ပြစ်ဒဏ်သည် မလျော်ကန်သောအခါ ဆရာ ဆရာမတို့၏ ဂုဏ်သိက္ခာကိုပင် ထိပါးစေနိုင်သည်။

ထို့ကြောင့် ဆရာ ဆရာမတို့သည် တပည့်များ၏ လမ်းပြမှူးများဖြစ်ကြသည်။ ဥယျာဉ်မှူးကြီးများလည်း ဖြစ်သည်။ ဉာဏစစ်သူကြီးများသဖွယ် ကလေးများ၏ ဂုဏ်ယူဖွယ်စံပြတပ်မှူးကြီးများလည်းဖြစ်ကြသည်။ ခေတ်ကျောင်းသား ကျောင်းသူများကို ထိန်းကျောင်းရာတွင် သင်ခန်းစာပိုင်နိုင်ကျွမ်းကျင်မှု၊ သင်ကြားမှု စွမ်းရည်မြင့်မားမှု၊ ဗဟုသုတကုံလုံကြွယ်ဝမှု၊ ဦးဆောင်လမ်းညွှန်ပြသနိုင်မှု စသည့်ကိုယ်ရည်ကိုယ်သွေး (Personality) ကြွယ်ဝမှုများဖြင့် လွှမ်းမိုးကာ ကလေးများကို ပိုင်နိုင်စွာ ထိန်းကျောင်းပဲ့ပြင်သွားနိုင်သည်။ ကျောင်းစည်းကမ်းနှင့်အညီ ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို ဖွံ့ဖြိုးတိုးတက်အောင် ပုံဖော်ထုဆစ်နိုင်သည်။ မိမိ၏ရင်တွင်းမှ စစ်မှန်သော စေတနာ၊ ဝါသနာ၊ အနစ်နာအပြင် အကြင်နာ၊ မေတ္တာဖြင့် ဟန်ချက်ညီညီ ပေါင်းစပ်သွားနိုင်လျှင် ဝေဒနာအဖြစ်ခံစားရခြင်းမှ ကင်းစင်ပပျောက်သွားနိုင်သည်။ ဆရာ ဆရာမတို့၏ မေတ္တာစေတနာတို့က ရောင်ပြန်ဟပ်လာပါလိမ့်မည်။ ။

## လားရှိုးတက္ကသိုလ် ကာယဗလ၊ ကာယအလှ၊ ကာယကြံ့ခိုင်မှုနှင့် စိမ်းလန်းစိုပြည်ရတနာမြေသီချင်းဆိုပြိုင်ပွဲ ကျင်းပ

**လားရှိုး ဩဂုတ် ၃၁**

လားရှိုးတက္ကသိုလ်၏ ကာယဗလပြိုင်ပွဲတွင် ဘာသာရပ်ပေါင်းစုံမှ ပြိုင်ပွဲဝင် ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မောင်ရာဇာသန်းဝင်း၊ မောင်အောင်မျိုးဇော်၊ မောင်ထွန်းထွန်းဝင်း၊ မောင်ဆုရှင်မင်းထက်တို့က လည်းကောင်း၊ ကာယအလှမယ်ပြိုင်ပွဲတွင် ဘာသာရပ်ပေါင်းစုံမှ ပြိုင်ပွဲဝင် ၁၄ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ရာ မသူဇာနိုင်၊ မအိရွှေစင်၊ မရွှေရည်ဦး၊ မဇူးဝင့်ဝါတို့ကလည်းကောင်း၊ ပထမ၊ ဒုတိယ၊ တတိယနှင့်စတုတ္ထဆုများကို အသီးသီးဆွတ်ခူးရရှိခဲ့ကြပြီး ကာယကြံ့ခိုင်မှု မယ်ပြိုင်ပွဲဝင် ရှစ်ဦးတွင် မသူဇာနိုင်၊ မရွှေရည်ဦး၊ မအိရွှေစင်တို့က လည်းကောင်း၊ စိမ်းလန်းစိုပြည်ရတနာမြေ သီချင်းဆိုပြိုင်ပွဲဝင် ကိုးဦးတွင် မရွှေစင်ထွန်း၊ မောင်အောင်မျိုးဝင်း၊ မောင်ဝင်းကိုကိုတို့ကလည်းကောင်း ပထမ၊ ဒုတိယနှင့် တတိယဆုတို့ကို အသီးသီးဆွတ်ခူးရရှိခဲ့ကြကာ ကျန်ပြိုင်ပွဲဝင်အားလုံးကို တာဝန်ရှိသူများက နှစ်သိမ့်ဆု အသီးသီးချီးမြှင့်ခဲ့ကြပြီး ထူးချွန်ပြိုင်ပွဲဝင်များကို ပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့ကြသော လုပ်ငန်းရှင်ကုမ္ပဏီများက ထပ်ဆင့်ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**



**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ် လူသစ် ဘဝသစ်**








# သဘာဝနေရောင်ခြည်စွမ်းအင်ဖြင့် နိုင်ငံ၏ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည်

သတင်း ›› ကျော်သူထက်၊ သူရဇော်(သတင်းစဉ်)
ဓာတ်ပုံ ›› တင်ထွန်းအောင်(သတင်းစဉ်)

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့မှ ထုတ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သို့သော် မြန်မာနိုင်ငံ၌ နှစ်စဉ်နွေရာသီတွင် လျှပ်စစ်ဓာတ်အားမလုံလောက်မှုကို ပြည်သူများ ကြုံတွေ့ခံစားနေရသည်။ ထို့ကြောင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားမလုံလောက်မှုကို ဖြည့်ဆည်းနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများဖြင့် ဓာတ်အားဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်နေပြီ ဖြစ်သည်။

အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၈၀ ကုန်ကျမည့် (၁၅၀)မဂ္ဂါဝပ်စီ ထုတ်လုပ်ပေးနိုင်သော နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှစ်ရုံကို မြန်မာနိုင်ငံတွင် တည်ဆောက်ရန် မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ဩဂုတ် ၂၈ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းစက်ရုံနှစ်ရုံကို မြင်းခြံခရိုင် နဘူးအိုင်နှင့် မိတ္ထီလာခရိုင် ဝမ်းတွင်းဒေသတို့တွင် အမေရိကန်နိုင်ငံ ACO ကုမ္ပဏီက ၂၀၁၆ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အဆိုပါစက်ရုံနှစ်ရုံမှ ဓာတ်အား မဂ္ဂါဝပ်(၃၀၀)အထိ ဖြည့်ဆည်းသွားမည်ဟု သိရသည်။

နေစွမ်းအင်မှ လျှပ်စစ်စွမ်းအား ထုတ်လုပ်ခြင်းလုပ်ငန်းသည် သဘာဝ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အမျိုးအစားဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးတို့အတွက် ထိရောက်အကျိုးရှိသော စီမံကိန်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးသည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပြည်ထောင်စုအစိုးရအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှစ်ရုံ တည်ဆောက်ထုတ်လုပ် ဆောင်ရွက်သွားမည့်အခြေအနေများကို ပြည်သူများသိရှိနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်-

**မေး။ ဩဂုတ် ၂၈ ရက်က လက်မှတ်ရေးထိုးခဲ့တဲ့ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုနဲ့ ပတ်သက်ပြီး ရရှိမယ့်အကျိုးကျေးဇူးတွေကို သိချင်ပါတယ်ခင်ဗျာ။**



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်း။

ဖြေ။ မန္တလေးတိုင်းဒေသကြီးအတွင်း မဂ္ဂါဝပ် ၃၀၀ ရှိတဲ့ နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းဖြင့် ရရှိလာမယ့် အဓိကအကျိုးကျေးဇူးက မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ လျှပ်စစ်စွမ်းအင်ကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ နေစွမ်းအင်က သန့်စင်တဲ့စွမ်းအင်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တာကြောင့် ဒီနေ့အချိန်မှာ ကမ္ဘာက အလေးထားနေတဲ့ ဖန်လုံအိမ်ဓာတ်ငွေ့နဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်ခြင်းမရှိဘဲ၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ လျှပ်စစ်ဓာတ်အားကို ရရှိစေပါတယ်။

**မေး။ မြန်မာနိုင်ငံအနေနဲ့ လက်ရှိထုတ်ယူအသုံးပြုမှု အခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ မြန်မာနိုင်ငံရဲ့ လက်ရှိဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားပေး စက်တပ်ဆင်အင်အားက ၄၁၄၆ မဂ္ဂါဝပ် ရှိပါတယ်။ အဲဒီမှာ ရေအားလျှပ်စစ်က ၇၂ ဒသမ ၄ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့က ၂၄ ဒသမ ၆ ရာခိုင်နှုန်းနှင့် ကျောက်မီးသွေးက ၃ ရာခိုင်နှုန်း ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ရာခိုင်နှုန်းက တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုဦးရေရဲ့ ၃၂ ရာခိုင်နှုန်းခန့် ရှိပါတယ်။

မေး။ တည်ဆောက်ရေးကာလကို အချိန်ဘယ်လောက် သတ်မှတ်ထားလဲ သိပါရစေ။ ဘယ်အချိန်လောက်မှာ လျှပ်စစ်ဓာတ်အားတွေ ဖြန့်ဖြူးပေးနိုင်ဖို့ ခန့်မှန်းထားပါသလဲ။

ဖြေ။ ACO Investment Group LLC က တည်ဆောက်မယ့် ၃၀၀ မဂ္ဂါဝပ် နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း တည်ဆောက်ရေးကာလကို (၃၆)လ သတ်မှတ်သဘောတူထားပါတယ်။ ပထမဆုံး စက်ရုံရဲ့ ဓာတ်အားထုတ်လုပ်ခြင်းကို ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းလောက်မှာ စတင် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ဖို့ နှစ်ဖက်ညှိနှိုင်းထားပါတယ်။

**မေး။ နေရောင်ခြည်စွမ်းအင် ဓာတ်အားပေးစက်ရုံက ရရှိလာမယ့် ဓာတ်အားတွေကို ဖြန့်ဝေပေးမယ့်အစီအစဉ်ကိုလည်း သိချင်ပါတယ်ခင်ဗျာ။**

ဖြေ။ နဘူးအိုင်နေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံက ထွက်ရှိမယ့် ဓာတ်အားကို မြင်းခြံ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံသို့ ၂၃၀ကေဗွီ ဓာတ်အားလိုင်းနဲ့ ချိတ်ဆက်ပါမယ်။ ဝမ်းတွင်းနေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံက ထွက်ရှိမယ့် ဓာတ်အားကို သပြေဝ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံသို့ ၂၃၀ ကေဗွီဓာတ်အားလိုင်းနဲ့ ချိတ်ဆက်ပါမယ်။ အဲဒီကနေ နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်နဲ့ ချိတ်ဆက်ပြီး တစ်နိုင်ငံလုံးကို ဓာတ်အားဖြန့်ဖြူးပေးသွားမှာဖြစ်ပါသည်။

**မေး။ ဒီလုပ်ငန်းနဲ့ပတ်သက်လို့ မြန်မာလုပ်သားတွေ အလုပ်အကိုင်ရရှိနိုင်မှုအခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးပါခင်ဗျာ။**

ဖြေ။ စက်ရုံတည်ဆောက်ရာမှာ ကုမ္ပဏီအနေနဲ့ ပြည်ပပညာရှင်အချို့သာ လာရောက်မှာဖြစ်ပြီး ပြည်တွင်းကျွမ်းကျင်လုပ်သားတွေခေါ်ယူအသုံးပြု ဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက် ဒီလုပ်ငန်းတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများရှိနေမှာ ဖြစ်ပါတယ်။

ဒါ့အပြင် စက်ရုံရေရှည်ထိန်းသိမ်း မောင်းနှင်ရာမှာလည်း ပြည်တွင်းကလုပ်သားတွေကို နည်းပညာသင်ကြားစေပြီး ခန့်အပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ လက်ရှိတည်ဆောက်ဆဲ၊ တည်ဆောက်ရန်ရှိတဲ့ ရေအား၊ နေရောင်ခြည်စွမ်းအင်သုံး၊ ကျောက်မီးသွေးနဲ့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွေနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါ။**

ဖြေ။ လက်ရှိဆောင်ရွက်ဆဲ စီမံကိန်းတွေအနေနဲ့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း ခုနစ်ခု၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ စီမံကိန်း ရှစ်ခု ရှိပါတယ်။

၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှာ သဘောတူစာချုပ်(MoA) လက်မှတ်ရေးထိုးခဲ့တဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ အမေရိကန်အခြေစိုက် ACO Investment Group LLC က ဆောင်ရွက်မယ့် နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းကို အခုမှ စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အလားတူပါပဲ။ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ စီမံကိန်းတွေကို စတင်တည်ဆောက်နိုင်ဖို့ ဆွေးနွေးညှိနှိုင်းမှုတွေ၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းတွေနဲ့ ESIA လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ အခုဆိုရင် မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းကဏ္ဍစုံမှာ နိုင်ငံတကာက ပါဝင်ဆောင်ရွက်ဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။ လက်ရှိပူးပေါင်းဆောင်ရွက်နေမှုနဲ့ အလားအလာရှိတဲ့ အခြေအနေတွေကို ရှင်းပြပေးပါ။

ဖြေ။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းကဏ္ဍစုံမှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုပုံစံနဲ့ JV/BOT စနစ် ဒါမှမဟုတ် BOT စနစ်နဲ့ တရုတ်နိုင်ငံ၊ ထိုင်း၊ စင်ကာပူနဲ့ အမေရိကန်နိုင်ငံတို့က ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီးလည်း လျှပ်စစ်ဓာတ်အားကို တိုးတက်သုံးစွဲနေမှာဖြစ်လို့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်က နှစ်စဉ် ၁၃ ရာခိုင်နှုန်းလောက် တိုးတက်လိုအပ်နေမှာ ဖြစ်ပါတယ်။ ဒီလိုအပ်တဲ့ လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းဖို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍမှာ ရင်းနှီးမြှုပ်နှံလိုသူများအတွက် အခွင့်အလမ်းတွေရှိနေပါတယ်။

**မေး။ ထွက်ရှိလာမယ့် လျှပ်စစ်ကိုဘယ်ဈေးနဲ့ ရောင်းမလဲဆိုတာနဲ့ ဒေသခံတွေအတွက် အကျိုးခံစားခွင့် ဘယ်လိုရှိမလဲဆိုတာ ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ စက်ရုံက ဓာတ်အားကို ဓာတ်အားစနစ်နဲ့ ရောင်းချသွားမှာဖြစ်ပြီး ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ် (Power Purchase Agreement)ချုပ်ဆိုရေး နှစ်ဦးနှစ်ဖက် အမြန်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သဘောတူစာချုပ် ချုပ်ဆိုရာမှာလည်း ဓာတ်အားခဈေးနှုန်းကို ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စက်ရုံအနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေ၊ စက်မှုနယ်မြေတွေကို လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးသွားနိုင်မှာဖြစ်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခြင်းမရှိသေးတဲ့ ဒေသနေပြည်သူတွေ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်မယ့်အကျိုးကျေးဇူးတွေရရှိလာမှာဖြစ်ပါတယ်။ ။

## လူမှုဖူလုံရေး ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် နာရေးစရိတ်ထုတ်ပေး

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အမှတ်(၃) သစ်စက်(ဝါးတရာ)နှင့် Samparoo သောက်ရေသန့်စက်ရုံမှ အာမခံအလုပ်သမားနှစ်ဦးသည် အလုပ်တွင် ထိခိုက်မှုကြောင့် အလုပ်တာဝန်ချိန်တွင် သေဆုံးသွားခဲ့သည်။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ပေးသွင်းထားသော လစာ၏ အဆ ၃၀ ကို ကျန်ရစ်သူအကျိုးခံစားခွင့်အဖြစ်လည်းကောင်း၊ သတ်မှတ်ချက်နှင့်အညီ နာရေးစရိတ်ခံစားခွင့်ကို လည်းကောင်း အာမခံအလုပ်သမား နှစ်ဦး၏ ကျန်ရစ်သူမိသားစုအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များပေးအပ်ပွဲအခမ်းအနားကို လူမှုဖူလုံရေးရုံး ရွှေပြည်သာ၌ ကျင်းပခဲ့ရာ တိုင်းတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဦးက အမှတ်(၃) သစ်စက်(ဝါးတရာ)မှ အလုပ်တွင် ထိခိုက်မှုကြောင့်သေဆုံးသူ ဦးအောင်မျိုးသန့်၏ ကျန်ရစ်သူမိသားစုအား နာရေးစရိတ်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် စုစုပေါင်း ၂၇ သိန်းလေးသောင်းကျော်ကို လည်းကောင်း၊ ရုံးခွဲတာဝန်ခံဦးစီးအရာရှိ ဦးမောင်မောင်မင်းက Samparoo သောက်ရေသန့်စက်ရုံမှ အလုပ်ခွင်ထိခိုက်မှုကြောင့်သေဆုံးသူ ဦးသောင်းမြင့်ဌေး၏ ကျန်ရစ်သူမိသားစုအား နာရေးစရိတ်နှင့်ကျန်ရစ်သူအကျိုးခံစားခွင့် ၂၄ သိန်း ကိုးသောင်းကျော်ကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။**(ဝဲပုံ)**



**(ကြေးမုံ)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆင့်ပွားသင်တန်းပို့ချ

**ကျိုက်မရော ဩဂုတ် ၃၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစိမ်းရောင် ကျေးရွာစီမံကိန်း ငွေစာရင်းသွင်းခြင်း ဆင့်ပွားသင်တန်းကို မြို့နယ်ဦးစီးမှူး ဦးစောဇော်ဝင်းထွန်း ဦးဆောင်၍ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုဦးစီးမှူး ဦးမင်းသန့်ဇော်ထွန်းလိုက်ပါလျက် ဩဂုတ် ၂၆ ရက်တွင် စီမံကိန်းကျေးရွာဖြစ်သော ကော့ပြည့်ကျေးရွာ၌ သင်တန်းပို့ချခဲ့သည်။

အဆိုပါသင်တန်းတွင် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ ဘဏ္ဍာရေးဆပ်ကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှဝန်ထမ်းများ တက်ရောက်ကြပြီး ဦးစောဇော်ဝင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဦးတည်ချက်၊ ရည်ရွယ်ချက်များကို ပြောကြားခဲ့ပြီး ဦးမင်းသန့်ဇော်ထွန်းက လက်တွေ့ကျင့်သုံးရမည့် ငွေစာရင်းမှတ်တမ်းများ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို ထပ်ဆင့်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**(ခင်မျိုးနိုင်)**

## အရာထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၃၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် အရာရှိအဆင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်မှ အရာထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်ခဲ့ရာ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွဋ်က သင်ခန်းစာ ပို့ချပေးခဲ့သည်။

သင်တန်းသို့ လ သင်တန်းသားအရာရှိအဆင့် တပ်ဖွဲ့ဝင် ၅၂ ဦး တက်ရောက်ကြပြီး ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၁၂ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



# မြန်မာနိုင်ငံ၏အမြင့်ဆုံး ခါကာဘိုရာဇီရေခဲတောင်ထိပ်တွင် မြန်မာနိုင်ငံအလံအောင်မြင်စွာစိုက်ထူ

**ရန်ကုန် ဩဂုတ် ၃၁**

မြန်မာနိုင်ငံတွင်သာမက အရှေ့တောင်အာရှ၏ အမြင့်ဆုံးတောင်ဖြစ်သော ကချင်ပြည်နယ်ရှိ ခါကာဘိုရာဇီ ရေခဲတောင်ထိပ်ပေါ်တွင် မြန်မာလူမျိုး သီးသန့်တက်ရောက်ပြီး မြန်မာနိုင်ငံအလံကို စိုက်ထူနိုင်ရမည်ဟု ယုံကြည်ချက်ပြင်းထန်စွာဖြင့် ကြိုးစားတက်ရောက်ခဲ့သော တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံ ဖောင်ဒေးရှင်းမှ တောင်တက်မြန်မာလူငယ်အဖွဲ့သည် ယနေ့ ညနေ ၅နာရီတွင် ၎င်းတို့၏ စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် မြန်မာနိုင်ငံအလံကို မြန်မာ့မြေပေါ်ရှိ ပေပေါင်း ၁၉၂၉၆ ပေမြင့်သည့် ခါကာဘိုရာဇီတောင်ထိပ်ပေါ်တွင် အောင်မြင်စွာစိုက်ထူနိုင်ခဲ့ကြောင်း သိရသည်။



သဘာဝခေါ်သံဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌ ဆရာဦးမျိုးသန့်က "ဂုဏ်လည်းဂုဏ်ယူတယ်၊ ဝမ်းလည်းသာတယ်၊ ကိုယ့်နိုင်ငံမှာရှိတဲ့ အမြင့်ဆုံးရေခဲတောင်ကို ကိုယ့်မြန်မာလူမျိုးတွေ တက်ရောက်နိုင်တဲ့အတွက် ဂုဏ်ယူမိတယ်၊ အခုတက်ရတဲ့ခရီးက ခဲရာခဲဆစ်နဲ့ ကျောက်သားနံရံတွေ၊ ရေခဲနံရံတွေကနေတက်ရတယ်၊ သူတို့တက်တဲ့မြောက်ဘက်က ပိုပြီးမတ်စောက်တယ်၊ အခက်အခဲတွေ အများကြီးရှိတယ်၊ အဲဒီလိုတက်ရတာဖြစ်တဲ့အတွက် အခုလိုအောင်မြင်မှုရတော့ ကိုယ့်မြန်မာလူငယ်လေးတွေအတွက် အရမ်းပဲ ချီးကျူးဂုဏ်ယူမိတယ်" ဟုပြောသည်။

သဘာဝခေါ်သံဖောင်ဒေးရှင်းမှ တောင်တက်လူငယ်အဖွဲ့သည် ခါကာဘိုရာဇီတောင်ထိပ်ပေါ်တွင် မြန်မာနိုင်ငံအလံနှင့်အတူ အသင်း၏ အောင်နိုင်ရေးအလံတို့ကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့ကြောင်းနှင့် ပူတာအိုခရိုင်မှ ဆရာတော် ဦးတိလောက လှူဒါန်းသော ဗုဒ္ဓရုပ်ပွားတော်များအား တောင်ထိပ်ပေါ်တွင်ဌာပနာ၍ တည်ထားခဲ့ကြောင်း သိရသည်။

သဘာဝခေါ်သံဖောင်ဒေးရှင်းမှ တောင်တက်အဖွဲ့ဝင်များသည် ခါကာဘိုရာဇီရေခဲတောင်တက်ရောက်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ်မှစ၍ လေ့ကျင့်မှုများပြုလုပ်ခဲ့သည်။

ခါကာဘိုရာဇီ ရေခဲတောင်ထိပ်သို့ ၁၉၉၆ ခုနှစ်က ဂျပန်လူမျိုး အိုဇာကီနှင့် မြန်မာနိုင်ငံသားတိဗက်လူမျိုး နမားဂျွန်စိန်တို့တက်ရောက်နိုင်ခဲ့ပြီး ယခု သဘာဝခေါ်သံ ဖောင်ဒေးရှင်းမှ တောင်တက်လူငယ်အဖွဲ့သည် မည်သည့်တောင်တက်အဖွဲ့မှ တက်ရောက်နိုင်ခဲ့ခြင်းမရှိခဲ့သည့်၊ ပိုမိုမတ်စောက်သည့်ခါကာဘိုရာဇီတောင်၏ မြောက်ဘက်ခြမ်းမှ ပထမဆုံးအကြိမ်အဖြစ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း - သီသီမင်း**
**ဓာတ်ပုံ**
**အောင်မြင့်မြတ်(သဘာဝခေါ်သံ)**

# ပဲခူးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးလယ်မြေများအတွက် ထောက်ပံ့ငွေပေးအပ်

**ပဲခူး ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ရပ်ကွက်/ကျေးရွာများအတွင်း ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ယာမြေများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၂၆ ရက်က ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပရာ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ပျက်စီးသည့် ရပ်ကွက်/ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ၊ အတွင်းရေးမှူး(မြေတိုင်းစာရေး)များ တက်ရောက်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က ထောက်ပံ့ငွေပေးအပ်ရသည့် အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်မြေစာရင်းဦးစီးဌာန ဒု-ဦးစီးမှူးက ထိခိုက်ပျက်စီးလယ်ယာမြေများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရပ်ကွက်/ကျေးရွာ ၄၆ အုပ်စု၊ ထိခိုက်လယ်ဧက ၄၄၆၅ ဧကအတွက် တစ်ဧကလျှင် ကျပ် ၆၀၀၀ နှုန်းဖြင့် ကျပ် ၂၆၇၉၀၀၀၀၊ ပျက်စီးဧက ၉၅၅၀ အတွက် ထောက်ပံ့ငွေကျပ် ၁၁၄၆၀၀၀၀၀ စုစုပေါင်း ထိခိုက်ပျက်စီး ဧက ၁၄၀၁၅ အတွက် ထောက်ပံ့ငွေကျပ် ၁၄၁၃၉၀၀၀၀ ကို ဩဂုတ် ၂၈ ရက်တွင် တောင်သူများထံသို့ ပေးအပ်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ ထိခိုက်ပျက်စီးသွားသော လယ်ယာမြေများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည့် နိုင်ငံတော်အစိုးရ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း တောင်သူတစ်ဦးက ပြောကြားသည်။

**(၀၇၅)**

# ဒီပဲယင်းမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လယ်ယာမြေအချို့ရေလွှမ်းမိုး

**ဒီပဲယင်း ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ဩဂုတ် ၂၉ ရက်ညက မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်း၊ မြောင်းများတွင် ရေကြီးရေလျှံခဲ့ပြီး စပါးစိုက်ခင်းများ ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါရေလျှံမှုကြောင့် ယင်းတွေကျေးရွာအုပ်စုနှင့် လက်တီးကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၂၀၄၉၊ ၂၀၅၂၊ ၂၀၅၄၊ ၂၀၄၆၊ ၂၀၄၇ အတွင်းရှိ မိုးစပါးစိုက်ပြီး လယ်ယာမြေ ဧက ၄၀၀ ခန့် ရေလွှမ်းမိုးလျက်ရှိကြောင်း၊ ယခုကဲ့သို့ ရေလွှမ်းမိုးပြီး လယ်ကွင်းများ နစ်မြုပ်နေသည်မှာ နှစ်ရက်ကြာရှိပြီး မိုးဆက်လက်ရွာသွန်းပြီး နောက်ထပ် သုံး၊ လေးရက်နစ်မြုပ်ခဲ့လျှင် စိုက်ပြီးလယ်ယာမြေများ ထိခိုက်ပျက်စီးဆုံးရှုံးမှုရှိနိုင်သည်ဟု တောင်သူတစ်ဦးက ပြောပြသည်။

**သိန်းထွန်း(iprd)**



**ဥတုရာသီ တောကိုမှီ၏**

## စာ တည်း မှူး ထံ ပေး စာများ

### ဘိလိယက်ကစားခုံလုပ်ငန်း ဖယ်ရှားပေးပါ

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ပန်းလှိုင်အိမ်ရာဝင်းအတွင်း တိုက်(၃)ဘေးနှင့် တိုက်(၆)ရှေ့ လမ်းပေါ်တွင် တရားမဝင် ဘိလိယက်ခုံတွင် နံနက် ၈ နာရီမှ ည ၉ နာရီထိ ငြင်းခုံခြင်း၊ ဆူညံခြင်းတို့ကြောင့် ပတ် ဝန်းကျင်တိုက်ခန်းနေသူများ စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ လွယ်လင့်တကူဝင်ရောက်ကစားကြသော ကျောင်းသားလူငယ်များကြောင့် မိဘများစိတ်ဆင်းရဲရခြင်းတို့ကြောင့် ၎င်းဘိလိယက်ခုံကစားခြင်းလုပ်ငန်းကို သက်ဆိုင်ရာမှ အမြန်ဆုံးဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**တိုက်ခန်းနေသူများ**

### အိမ်သာအနံ့ဆိုးရေမြောင်းတူးဖော်ပေးစေလို

ရန်ကုန်မြို့ အမှတ်(၃)ရပ်ကွက် ကမာရွတ်မြို့နယ် (၃)လမ်းနှင့် (၄)လမ်းကြားတွင် (၃)ရပ်ကွက် နောက်ဖေးလမ်းကြားတွင် မြောင်းပိတ်ဆို့ထားသဖြင့် အိမ်သာမှအနံ့ဆိုးရေများ ပိတ်ထားသကဲ့သို့ ဖြစ်နေပြီး အမှိုက်များ၊ ပိုးမွှားများ မွေးမြူထားသည့်ကန်သဖွယ်ဖြစ်နေပါသဖြင့် အမြန်ဆုံးဖောက်ထုတ်ပေးပါရန် တင်ပြအပ်ပါသည်။

**(၄)လမ်းမိသားစု**

### အမှိုက်များ စည်းကမ်းမဲ့စွာ စွန့်ပစ်နေမှု အရေးယူပေးစေလို

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် မြို့မဈေးအဝင်လမ်းသွယ် စကားဝါလမ်းထိပ် စစ်မှုထမ်းဟောင်းရုံးအနီးမှ အမှိုက်ပုံများနှင့် ဝမ်ကောင်းရပ်ကွက် မင်္ဂလာလမ်းထိပ် တောင်ကုန်းပေါ်အတက် အဆင်းလမ်း၊ အိမ်များဘေးနှင့် မင်္ဂလာလမ်းမကြီးပေါ်တွင် အမှိုက်များစည်းကမ်းမဲ့စွာ စွန့်ပစ်နေမှုကြောင့် ပတ်ဝန်းကျင်ရှိနေအိမ်များမှာ အနံ့ဆိုးများကို နှစ်ရှည်လများ ရှူရှိုက်နေရပြီး ကြွက်များ၊ ယင်များပေါ်ခြင်းကြောင့် ကူးစက်ရောဂါများဖြစ်မည်ကို စိုးရိမ်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အမြင်မတော်သူများ**

### အညော်နံ့နှင့် ဆူညံသံ ပတ်ဝန်းကျင်မခံသာ

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်း (၂၉)လမ်းနှင့် လမ်း(၃၀)ကြားရှိ အအေးဆိုင်နှင့် လက်ဖက်ရည်ဆိုင်မှ အညော်နံ့နှင့် မော်တာကြီးများဖြင့် မုန့်ဖုတ်ခြင်း၊ ခေါင်တိုင်ကြီးများကို မော်တာဖြင့် မောင်းခြင်းကြောင့် တိုက်ပေါ်နေပြည်သူများ နားမခံသာအောင် ဆူညံခြင်း၊ တိုက်များ တုန်ခါခြင်း၊ သန့်ရှင်းမှုမရှိခြင်း၊ ဝန်ထမ်းများ ဆဲဆိုအော်ဟစ်ခြင်းများပြုလုပ်နေပါသဖြင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အပေါ်ထပ်နေပြည်သူများ**

### ကားဝပ်ရှော့ကြောင့် လမ်းများပိတ်ဆို့

အင်းစိန်ဈေးရှေ့ ရုပ်ရှင်ရုံလမ်း သီရိလမ်းမပေါ်ရှိ အိမ်တစ်အိမ်မှ ကားဝပ်ရှော့လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ကားဝပ်ရှော့သို့ လာရောက်ပြုပြင်သောကားများကို သီရိလမ်းမကြီးဘေးဝဲ၊ ယာများတွင် ပြုပြင်လုပ်ကိုင်နေပါသဖြင့် လမ်းပေါ်တွင် ကားများပိတ်ဆို့ကာ လမ်းသွားလမ်းလာများ၊ ကျောင်းသား ကျောင်းသူများ သွားလာရာတွင် အဆင်မပြေမှုများနှင့် ကြုံတွေ့နေပါသဖြင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျောင်းသားမိဘများ**

### ❒ အာရှမှ

ယခုပြိုင်ပွဲဝင်မည့် အားကစားနည်းအများစုမှာ အာရှအားကစားပြိုင်ပွဲသက်တမ်းတစ်လျှောက်တွင် အောင်မြင်မှုများရယူနိုင်ခဲ့ပြီး နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၀ ခုနှစ် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှ ရွှေနှစ်ခုအထိ ရယူနိုင်ခဲ့သည်။

(၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့၌ ကျင်းပသွားမည်ဖြစ်ပြီး အားကစားနည်း ၃၆ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် အိုလံပစ်အားကစားနည်းများအပြင် ဒေသတွင်းအားကစားနည်းအချို့ကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး အာရှဒေသတွင်း၏ အဆင့်မြင့်ဆုံး အားကစားပြိုင်ပွဲလည်းဖြစ်သည်။

### ✿ တနင်္သာရီမှ

ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော ယာယီသစ်သားတံတားကိုသာ အားထားသွားလာခဲ့ရပြီး နှစ်စဉ် မြစ်ရေကြီးမှုကြောင့် ယင်းသစ်သားတံတားပြိုကျခဲ့သဖြင့် ကူးတို့လှေဖြင့်သာ အချိန်ကုန်လူပန်း ကူးလူးသွားလာခဲ့ရသည်။

ထို့ကြောင့် ဤတံတားပြီးစီးပါက ခရီးသွားပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် မော်တော်ယာဉ်များ တနင်္သာရီမှ မောတောင်လမ်းတစ်လျှောက် အချိန်တိုအတွင်း ရာသီမရွေး အလွယ်တကူသွားလာနိုင်တော့မည်ဖြစ်ပြီး ကုန်စည်ကူးသန်းမှု လျင်မြန်လွယ်ကူလာမည်ဖြစ်ကြောင်း သိရသည်။ ။



# ဩဂုတ်မိုးရွာ၍ ဒေသခံတောင်သူများထွန်ယက်စိုက်ပျိုး

**မြောင် ဩဂုတ် ၃၁**

မြောင်မြို့နယ်အတွင်း ဇူလိုင်လက ကွက်ကျားမိုးသာရွာခဲ့၍ ယာမြေအချို့ မစိုက်ပျိုးခဲ့လိုက်ရသော်လည်း ဩဂုတ် ၅ ရက်မှစ၍ လကုန်အထိ မကြာခဏ မိုးရွာသွန်းခဲ့သောကြောင့် စိုက်ပျိုးပြီးသည့်ယာမြေများ၊ မိုးသီးနှံများ စိမ်းလန်းစိုပြည်နေသကဲ့သို့ မစိုက်ပျိုးရသေးသော ယာမြေများတွင် စိုက်ပျိုးရာသီအမီ ပြီးစီးနိုင်ရေး ဒေသခံတောင်သူများ ကြိုးပမ်း၍ ထွန်ယက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

ဇူလိုင်လ၌ ကွက်ကျားမိုးရွာသွန်းခဲ့သော ယာမြေအချို့တွင် မိုးမြေပဲနှင့် အခြားပဲများ စိုက်ပျိုးအောင်မြင်လျက်ရှိပြီး ကျန်ရှိနေသောယာမြေများတွင် ယခုအခါ ပဲတီ၊ ပဲစင်းငုံနှင့် နှမ်းများကိုလည်းကောင်း၊ မိုးစပါးများကိုလည်းကောင်း၊ အခြားသီးနှံများကိုလည်းကောင်း ထွန်ယက်စိုက်ပျိုးလျက်ရှိသည်။

မြောင်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ မိုးသီးနှံလျာထားဧက ၁၃၃၀၉၄ ဧကရှိ၍ ယနေ့အထိ စိုက်ပျိုးပြီး သီးနှံများအနေဖြင့် မိုးစပါး ၉၂၉ ဧက၊ ပဲမျိုးစုံ ၁၀၁၀၆ ဧက၊ ဆီထွက်သီးနှံ ၁၈၄၂၈ ဧက၊ ဝါ ၁၀၃၉ ဧကနှင့် အခြားသီးနှံ ၄၂၈၂၃ ဧက စုစုပေါင်းစိုက်ပျိုးပြီးဧက ၉၅၃၂၅ ရှိ၍ ၈၄ ဒသမ ၂၈ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရပြီး ရာသီအမီ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးနိုင်ရေး ဒေသခံတောင်သူများ ကြိုးပမ်း၍ ထွန်ယက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

# ရေလမ်းကြောင်း အထူးသတိပေးနှိုးဆော်ချက်

ယခင်ဖော်ပြခဲ့သော ဘုရင့်နောင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်း ရေလမ်းကြောင်းအထူးသတိပေးနှိုးဆော်ချက်အား လုပ်ငန်းလိုအပ်ချက်အရ ပယ်ဖျက်၍ အောက်ပါအတိုင်း ပြင်ဆင်သတိပေးနှိုးဆော်အပ်ပါသည်။

ဘုရင့်နောင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်း ပင်မတံတားသံပေါင်များ တပ်ဆင်ရာတွင် လှိုင်မြစ်အတွင်း ရေလယ်ခန်းဖွင့် သုံးခန်းရှိသည့်အနက် အလယ်အခန်း RP-3 နှင့် RP-4 အကြား လှိုင်သာယာဘက်အခန်း RP-4 နှင့် RP-5 အကြား ရေလမ်းကြောင်းများအား ၂၈-၈-၂၀၁၄ ရက်နေ့မှစ၍ ခေတ္တပိတ်ထားမည်ဖြစ်ပြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဘက်အခန်း RP-2 နှင့် RP-3 အကြား ရေလမ်းကြောင်းအား ဖွင့်ထားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လှိုင်မြစ်အတွင်း သွားလာနေသော လှေ/သင်္ဘောများသည် ၃၁-၈-၂၀၁၄ ရက်နေ့မှစ၍ ဘုရင့်နောင်ဘက်အခန်း RP-2 နှင့် RP-3 အကြား ရေလမ်းကြောင်းမှဖြတ်သန်းသွားလာကြပါရန်နှင့် အောက်ဖော်ပြပါ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်ပါသည်။

(၁) ည ၆ နာရီမှ နံနက် ၆ နာရီအတွင်း မည်သည့်ရေယာဉ်မှ ဖြတ်သန်းသွားလာခြင်းမပြုရ။
(၂) ရေယာဉ်အားလုံး ရေဆန်ဖြင့်သာ ဖြတ်သန်းခွင့်ပြုမည်။
(၃) အရှည် ပေ ၁၂၀၊ အကျယ် ၂၅ ပေထက် မပိုသော (ကုန်မပါ)စက်တပ်ရေယာဉ်များသာ ဖြတ်သန်းခွင့်ပြုမည်။
(၄) ဘုရင့်နောင်တံတား၏ အထက်ဘက် အောင်ဇေယျကြိုးတံတားနှင့် အောက်ဘက် သီရိမင်္ဂလာဈေးသစ်အကြား ရေပြင်အတွင်း မည်သည့် စက်တပ်/စက်မဲ့ရေယာဉ်မျှ ကျောက်ချရပ်နားခွင့်မပြု။
(၅) သဲသမ္ဗန်များ လုံးဝဖြတ်သန်းခွင့်မပြု။
(၆) မည်သည့်စက်မဲ့ရေယာဉ်များကိုမျှ တွဲ၍ဖြစ်စေ၊ တွန်း၍ဖြစ်စေ ဖြတ်သန်းခွင့်မပြု။
(၇) ဖြတ်သန်းသွားမည့် ရေယာဉ်များသည် သတ်မှတ်ထားသည့် စစ်ဆေးရေးနေရာတွင် ရပ်တန့်အစစ်ဆေးခံပြီး ခွင့်ပြုချက်ရမှသာ ဖြတ်သန်းသွားရမည်။
(၈) ရေယာဉ်ကြွံခိုင်ရေး၊ ရေယာဉ်အထောက်အကူပြုပစ္စည်းများ ပြည့်စုံစေရေးနှင့် ကျွမ်းကျင်ရေယာဉ်မောင်းများသာ မောင်းနှင်ရေးတို့အား ရေယာဉ်ပိုင်ရှင်များက တာဝန်ခံ၍ အထူးအလေးထားဆောင်ရွက်ရန်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

**မောက်မယ် ဩဂုတ် ၃၁**

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းများ ဆွေးနွေးပွဲကို ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ရုံးခန်းမ၌ ဩဂုတ် ၂၉ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများတက်ရောက်ကြပြီး ကြေးတိုင်နှင့်မြေစာရင်းဦးစီးမှူး ဦးလှဝင်းက ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသော မိမိဝန်ထမ်းများအနေဖြင့် ပြည်သူများ မလိုလားအပ်သော ကိစ္စများအား ရှောင်ရှားပြီး လိုအပ်ချက်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူတို့၏ လူမှုစီးပွားလိုအပ်ချက်များကို စေတနာထား၍ ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ လုပ်ငန်းများ စဉ်ဆက်မပြတ် တိုးတက်စေရေးအတွက် လုပ်ငန်းစီမံချက်များရေးဆွဲ၍ အစီအမံများကို စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး ဝန်ထမ်းများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန အောက်ပါတိုင်းဒေသကြီး/ခရိုင်/မြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။


| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁ | မကွေးမြို့ | တိုင်းဒေသကြီးအားကစားကွင်း ဘောလုံးကွင်းတစ်ကွင်း ဖောက်လုပ်ခြင်းလုပ်ငန်း |
| ၂ | မင်းဘူးမြို့ | ခရိုင်အားကစားကွင်း မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်း |
| ၃ | ရေစကြိုမြို့ | မြို့နယ်အားကစားကွင်း မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်း |
| ၄ | အောင်လံမြို့ | မြို့နယ်အားကစားကွင်း ကာယဗလအားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်း |
| ၅ | ဆောမြို့ | မြို့နယ်အားကစားကွင်း အလေးမ အားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်း |
| ၆ | ဂန့်ဂေါမြို့ | ခရိုင်အားကစားကွင်း အရာရှိ ရုံး/နေအိမ်တွဲလျက် အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း |
| ၇ | ပခုက္ကူမြို့ | ခရိုင်အားကစားကွင်း အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း |
| ၈ | ဆိပ်ဖြူမြို့ | မြို့နယ်အားကစားကွင်း ချိန်းလင့် (Inner Fencing)ကာရံခြင်းလုပ်ငန်း |
| ၉ | တောင်တွင်းကြီးမြို့ | မြို့နယ်အားကစားကွင်း ချိန်းလင့်(Inner Fencing)ကာရံခြင်းလုပ်ငန်း |
| ၁၀ | ရေနံချောင်းမြို့ | မြို့နယ်အားကစားကွင်း ရေဖျန်းစနစ်နှင့် မီးတပ်ဆင်ခြင်းလုပ်ငန်း |

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဆောက်လုပ်မည့်အဆောက်အအုံအသေးစိတ်ကို တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၆၃-၂၃၂၀၉၊ ၀၉-၄၄၀၂၂၆၉၁၀ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ (က) တင်ဒါရောင်းချမည့်နေ့ရက် - ၁-၉-၂၀၁၄ရက်
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၀-၉-၂၀၁၄ ရက်၊ ညနေ ၄နာရီ
(ဂ) တင်ဒါတင်သွင်းမည့်နေရာ - တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ မကွေးမြို့။

တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးလုပ်ငန်းကော်မတီ



## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ် ကတ္တရာအိတ်ဖွင့်တင်ဒါအမှတ်(၂) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အဖွဲ့များမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် ကတ္တရာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပြည်နယ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|---|
| (က) | ရှမ်း(တောင်) | ကတ္တရာ(၈၀/၁၀၀) | ၇၀၀၀တန် |
| (ခ) | ရှမ်း(မြောက်) | ကတ္တရာ(၈၀/၁၀၀) | ၂၅၀၀တန် |
| (ဂ) | ရှမ်း(အရှေ့) | ကတ္တရာ(၈၀/၁၀၀) | ၁၅၀၀တန် |
| | | စုစုပေါင်း | ၁၁၀၀၀တန် |

(ဃ) တင်ဒါပုံစံရောင်းချမည့်ရက် - ၈-၉-၂၀၁၄ ရက်မှ ၁၂-၉-၂၀၁၄ရက်ထိ၊ နံနက် ၉နာရီမှ ၁၆နာရီ (ရုံးချိန်အတွင်း)
(င) တင်ဒါပုံစံရောင်းချမည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ တောင်ကြီးမြို့။
(စ) တင်ဒါလျှောက်လွှာပိတ်ရက် - ၁၅-၉-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီ
(ဆ) တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့်အချိန် - ၁၆-၉-၂၀၁၄ ရက် ၁၃း၀၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးသို့ ရုံးချိန်အတွင်း ဖုန်း(၀၈၁-၂၁၂၁၀ ၁၆၊ ၀၈၁-၂၁၂၁၁၆၂)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

## ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်း အဆင့်မြှင့်မွမ်းမံခြင်းလုပ်ငန်း ဈေးပြိုင်တင်ဒါကြော်ငြာ

၁။ ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်းကြီး အဆင့်မြှင့်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းတွင် အလျားပေ ၇၀×အနံပေ ၂၂ အကျယ်အဝန်းရှိသော မြန်မာနိုင်ငံတွင်းရှိ သာသနိကအဆောက်အအုံများပြကွက်အား Fiber glass ဖြင့် ရုပ်လုံး၊ ရုပ်ကြွပြုလုပ်၍ ရောင်စုံလှုပ်ရှား မီးများ၊ ဓာတ်ပုံများ၊ နောက်ခံအသံတို့ဖြင့် ပေါင်းစပ်ရှင်းလင်းပြသသော လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ထို့အပြင် ယင်းပြကွက်အား မှန်ဖြင့်ကာရံသောလုပ်ငန်းကိုလည်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ လုပ်ငန်းဆောင်ရွက်လိုသူများသည် လုပ်ငန်းတစ်မျိုးစီအတွက် တင်ဒါပုံစံနှင့်စည်းကမ်းချက်တစ်စုံလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ဂေါပကအဖွဲ့ရုံးတွင် ဝယ်ယူပြီး ၁၇-၉-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီ နောက်ဆုံးထား တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။)

ဝင်းကြိုင်၊ ရုံးအဖွဲ့မှူး




## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ အထက(ခွဲ)၊ ဒသမတန်းမှ မဇင်မာဝေ၏ ဖခင်အမည်မှန်မှာ ဦးစိန်မြင့် [၁၄/ကလန(နိုင်)၁၂၅၅၂၁]ဖြစ်ပါကြောင်း။

ဦးစိန်မြင့်

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အကျယ်ကူမား(ခ) ညီညီ [၁/မကန(နိုင်)၁၀၀၁၆၉]၏ ပတ်စ်ပို့ No.(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

ဖုန်း-၀၇၄-၂၃၃၉၄

# အမေရိကန်နိုင်ငံတွင် ရုံတင်ပြသမည့် စွန့်စားခန်းများပါဝင်သည့် တောင်ကိုရီးယားဇာတ်ကား The Pirates

တောင်ကိုရီးယား ရုပ်ရှင်ကြယ်ပွင့် ဆွန်ရီဂျင်း ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ထားပြီး စွန့်စားခန်းများ ပါဝင်သည့် The Pirates ဇာတ်ကားကို တောင်ကိုရီးယားနိုင်ငံ၌ စက်တင်ဘာ ၆ ရက်တွင် စတင်ပြသသွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၂ ရက်တွင် အမေရိကန်နိုင်ငံရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားနိုင်ရန်စီစဉ်ထားကြောင်း သိရသည်။

ကိုရီးယားနှင့် အင်္ဂလိပ်ဘာသာ စာတမ်းထိုးများဖြင့် ပြသမည့် ယင်းဇာတ်ကားတွင် မင်းသား ကင်မ်နမ်ဂီနှင့် သရုပ်ဆောင်များစွာ ပါဝင်အားဖြည့်ထားကြပြီး မင်းသား ကင်မ်နှင့် မင်းသမီး ဆွန်ရီတို့သည် ယမန်နှစ်က ရုပ်သံ Shark ဇာတ်လမ်းတွဲတွင် ဆုံတွေ့ခဲ့ကြဖူးသူများဖြစ်သည်။

မင်းသမီး ဆွန်ရီဂျင်းသည် တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံတကာရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် (၁၈) ကြိမ်မြောက် Puchon ရုပ်ရှင်ပွဲတော်တွင် Producer's Choice Award ဆုကို ရရှိဆွတ်ခူးနိုင်ခဲ့ကာ ၎င်းအား ၂၀၁၅ ခုနှစ်တွင်ထွက်ရှိမည့် House Filled with Happiness ဇာတ်ကား၌ ထပ်မံမြင်တွေ့ရဦးမည်ဖြစ်သည်။

# အားကစားဒရာမာဇာတ်ကားဖြင့် အသိအမှတ်ပြုလက်မှတ်ရရှိခဲ့သူ ဘောလိဝုဒ်ငွေကြယ်ပွင့် ပရီရန်ကာချိုပရာ



ဘောလိဝုဒ်ငွေကြယ်ပွင့် ပရီရန်ကာချိုပရာက အိုလံပစ်ကြေးတံဆိပ်ဆုရှင်အားကစားသမားတစ်ဦး၏ အတ္ထုပ္ပတ္တိကို ပုံဖော်ရိုက်ကူးထားသည့် Mary Kom အမည်ရှိ အားကစားဒရာမာဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားဖြင့် Central Board of Film Certification (CBFC) မှ အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းခံခဲ့ရကြောင်း သိရသည်။

"အားကစားသမားတစ်ဦးအနေနဲ့ ပါဝင်သရုပ်ဆောင်ဖို့ ဘယ်တုန်းကမှစိတ်ကူးမရှိခဲ့ပါဘူး၊ ဒါပေမယ့် ဒီဇာတ်ကားနဲ့ 'U' certificate ရရှိခဲ့ပါတယ်"ဟု ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် ငါးကြိမ်တိုင်တိုင် ကမ္ဘာ့အပျော်တမ်းလက်ဝှေ့ချန်ပီယံ အမျိုးသမီးလက်ဝှေ့အားကစားသမား Mary Kom အကြောင်းပုံဖော်ထားသည့် အဆိုပါ Mary Kom အားကစားဒရာမာဇာတ်ကားကို စက်တင်ဘာ ၅ ရက်တွင် ဖြန့်ချိပြသသွားရန်စီစဉ်ထားကြောင်း၊ မင်းသမီး ပရီရန်ကာအနေဖြင့် အဆိုပါဇာတ်ကားအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရာတွင် အိန္ဒိယနိုင်ငံ၏ တစ်ဦးတည်းသော အမျိုးသမီးလက်ဝှေ့ချန်ပီယံတစ်ဦးဖြစ်သည့် Mary Kom နှင့် လေးလတိုင်တိုင် လက်ဝှေ့လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ရကြောင်း သိရသည်။

**မျိုးစန္ဒာမောင် - စုစည်းသည်**

# သတင်းဆက်သွယ်ရေးနှင့် နည်းပညာသည် ပညာခေတ်တွင် ပညာရပ်အသီးသီးကိုလေ့လာနိုင်ရန် အဓိကကျ

**ရန်ကုန် ဩဂုတ် ၃၁**

၂၁ ရာစု၏ နည်းပညာတိုးတက်မှုများသည် လျင်မြန်စွာပြောင်းလဲလာမှုတို့ကြောင့် IT (Information Technology) ကိုလေ့လာနေကြသော ကျောင်းသား ကျောင်းသူများအနေဖြင့် IT ပညာကို လေ့လာရာတွင် ထဲထဲဝင်ဝင်သိရှိစေရန် လေ့လာကြဖို့လိုကြောင်း၊ ယနေ့လူငယ်များသည် အနာဂတ်ကာလတွင် နိုင်ငံ၏နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ရမည့်သူများဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း တီထွင်ဆန်းသစ်လိုသူများဖြစ်အောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ ပညာခေတ်တွင် ပညာရပ်အသီးသီးကိုလေ့လာနိုင်ဖို့အတွက် IT သည် အဓိကကျကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် IT ကိုအသုံးပြု၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ မိမိတို့လေ့လာဆည်းပူးလိုသောပညာရပ်များကို Internet မှတစ်ဆင့် e-Learning စနစ်ဖြင့် လေ့လာသင်ယူနိုင်ကြပြီဖြစ်ကြောင်း၊ အဝေးသင်တက္ကသိုလ်တွင်လည်း e-Learning စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် IT ကိုအသုံးပြု၍ ပညာလေ့လာဆည်းပူးခြင်းအားဖြင့် အသိပညာအရည်အသွေးတိုးတက်ကောင်းမွန်လာပြီး IT နှင့်ပတ်သက်သော နည်းပညာရပ်များလည်း ပိုမိုသိရှိနားလည်လာနိုင်မည်ဖြစ်သည့်အတွက် လေ့လာဆည်းပူးသွားကြရန်လိုကြောင်းဖြင့် ဩဂုတ် ၂၉ ရက်က ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ပြုလုပ်သည့် KOICA မှ Digital Library နှင့် Library Information System လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှေက ပြောကြားခဲ့သည်။

KOICA မှ လွှဲပြောင်းပေးအပ်သည့် Digital Library နှင့် Library Information System တွင် စာကြည့်တိုက်မှစာအုပ်များကို ကွန်ပျူတာစနစ်ဖြင့် စာရင်းပြုစုထားသည့်အတွက် ကျောင်းသား ကျောင်းသူများ အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်မည်ဖြစ်သည့်အပြင် ကွန်ပျူတာတွင်မှတ်တမ်းမသွင်းဘဲ ပြင်ပသို့ယူဆောင်ပါက အချက်ပြအသံပေးမည့်စနစ်ပါဝင်ကြောင်း၊ Digital Library တွင် ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရန် သင်ရိုးညွှန်းတမ်းများနှင့် ဗဟုသုတဖြစ်ဖွယ်စာအုပ်များကို e-Books အဖြစ် ထားရှိထားပြီး ကွန်ပျူတာဖြင့် အင်္ဂလိပ်စာလေ့လာနိုင်သည့် စီဒီချပ်များ၊ Internet မှ တစ်ဆင့် လိုအပ်သော စာအုပ်စာတမ်းများနှင့် သတင်းအချက်အလက်များရှာဖွေနိုင်စေရန် စီစဉ်ပေးထားကြောင်းနှင့် စာကြည့်တိုက်တွင် သတင်းစာ၊ ဂျာနယ်၊ စာလုံးပေါင်းသတ်ပုံကျမ်း၊ မြန်မာ့စွယ်စုံကျမ်း စသည်တို့ကို ဖတ်ရှုလေ့လာနိုင်ရန် ရည်ညွှန်းစာဖတ်ခန်းထားရှိပေးထားကြောင်း၊ တက္ကသိုလ်ပရဝဏ်အတွင်းတွင်လည်း Wi-Fi Free လွှင့်ပေးထားကြောင်း သိရသည်။

**(သီသီမင်း)**

# မိုးပွင့်အဆင့်(၆) စီမံချက် ကွင်းဆင်းရှင်းလင်း

**လားရှိုး ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၁၀)နှင့် ဟိုပိတ်ကျေးရွာသို့ မိုးပွင့်အဆင့်(၆)စီမံကိန်းအရ ဩဂုတ် ၂၃ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးရာ မြို့နယ်ဦးစီးမှူး ဦးလေးမောင်က မိုးပွင့်အဆင့်(၆)စီမံကိန်းလုပ်ငန်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက ရပ်ကွက်(၁၀)နှင့် ဟိုပိတ်ရွာရှိ အသက် (၁၈) နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသောသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းပြီး ဆောင်ရွက်ပေးသဖြင့် ဒေသခံပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ဇော်လွင် (လားရှိုး)**








# နိုင်ငံ့ဂုဏ်ဆောင် ပခုက္ကူသား ဘောလုံးသမား

"မြန်မာနိုင်ပြီ. . . "ဟူသော ရွှေဂန္ထဝင်သီချင်းကို ယူ-၁၉လူငယ်တို့က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ မြန်မာ့ဘောလုံးတစ်ခေတ်ဆန်းလာပြီဟု ဆိုရမည်ဖြစ်သည်။ အတန်အကြာငြိမ်သက်နေသော မြန်မာ့ဘောလုံး လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ မြန်မာလူငယ်အသင်းကစားခဲ့သော ပွဲနှစ်ပွဲကို မျက်ဝါးထင်ထင်မြန်မာပြည်သူတို့ ကြည့်ရှုခဲ့ရသောအခါ ကျေနပ်အားရပီတိဖြစ်မိပါသည်။ လူငယ်အသင်း ပြည်တော်ပြန်လာစဉ် ပြည်သူအပေါင်းတို့က သောင်းသောင်းဖြဖြ ကြိုဆိုကြသည်မှာ ကြည်နူးစရာဖြစ်မိပါသည်။ ယူ-၁၉ လူငယ်အသင်းတွင် ပခုက္ကူသားတစ်ဦး ပါဝင်ခဲ့ရာ ဗိုလ်လုပွဲနေ့တွင် မြန်မာစိတ် ဒေသစိတ်ဆန္ဒဖြင့် ပခုက္ကူမြို့တစ်ခွင် လက်ဖက်ရည်ဆိုင်တိုင်း အိမ်တိုင်းအားပေးသံများဖြင့် သောသောညံနေပါသည်။ ဘရူနိုင်း ဘုရင့်ဖလား ဖိတ်ခေါ်ပြိုင်ပွဲဝင် လူငယ်အသင်းမှ ပခုက္ကူသားလေးသည် မြိုင်မြို့နယ် ကြက်မောက်အုပ်စု ရွာသာအေးရွာ ဇာတိဖွားဖြစ်သည်။ ဦးတင်ထွန်း-ဒေါ်ယုတို့မှ မွေးဖွားခဲ့သည်။ မွေးချင်းနှစ်ဦးရှိပြီး အစ်ကိုဖြစ်သူမှာလည်း အထက်မြန်မာပြည်၏ တက္ကသိုလ်လက်ရွေးစင်တိုက်စစ်မှူး အကောင်းဆုံးဆု သုံးဆုရရှိထားသူလည်းဖြစ်သည်။ မြန်မာ့ဂုဏ်ဆောင်နိုင်ခဲ့သည့် ပခုက္ကူသားလေး၏အမည်မှာ မျိုးကိုထွန်း(ကျောနံပါတ်-၂၃)ဖြစ်သည်။ ဗိုလ်လုပွဲတွင် ဗွေဆော်ဦးဂိုးသွင်းသူဖြစ်ပြီး ပြိုင်ပွဲ၌ လေးဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။၁၂-၃-၉၅ ခုနှစ်ဖွား (ကြာသပတေးသား) ဖြစ်သည်။ ပခုက္ကူ အထက-၂ ကျောင်း၌ နဝမတန်းတွင် ပညာသင်ကြားနေစဉ် ရတနာပုံအကယ်ဒမီဘောလုံးကျောင်း လူရွေးချယ်မှုကို ညောင်ဦးမြို့၌ ပြုလုပ်စဉ် ပါဝင်သွားခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်ဘောလုံးသမားလေး ဖြစ်လာခဲ့သည်။ "ကျွန်တော် ရတနာပုံအကယ်ဒမီမှာသုံးနှစ်ကြာပြီး ယူ-၁၉ မှ အသင်းမှာပါသွားတာပါ ၂၀၁၂ ခုနှစ်ကဖြစ်ပါတယ်။ ရတနာပုံမှာ ဘရာဇီးနည်းပြနဲ့ မြန်မာနည်းပြ ဦးမြင့်ကို၊ ဦးတင်ဝင်းတို့က ဘောလုံးပညာများ သင်ကြားပေးခဲ့ပါတယ်။ ရန်ကုန်မှာ တစ်နှစ်ကြာ ဂျာမနီနည်းပြ ဂတ်ဇီဇီနဲ့ စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ တရုတ်ပြည်သွားပြီး ဘရာဇီး အသက် ၁၈ နှစ်အသင်းအပါအဝင် ခြောက်ပွဲကစားခဲ့ရပါတယ်။ အင်ဒိုနီးရှားသွားပြီး ထိုင်း၊ ဗီယက်နမ်အသင်းတွေနဲ့ ကစားခဲ့ပါတယ်။ ရန်ကုန်မှာ ပြန်လေ့ကျင့်ပြီး ကမ္ဘောဒီးယားကို သွားရောက်ယှဉ်ပြိုင်ရာမှာ ဒုတိယရခဲ့ပါတယ်။ ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲကနေ ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ ဂျာမနီလူငယ်အသင်းတွေနဲ့ ၁၀ ပွဲ ကစားခဲ့ပါတယ်။ ဂျာမနီနိုင်ငံကနေ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမှာ ချစ်ကြည်ရေးကစားခဲ့ပါတယ်။ အဲဒီကနေ ဘရူနိုင်းဖိတ်ခေါ် ဖလားပွဲကို ဝင်ရောက်ယှဉ်ပြိုင်တာပါ" ဟု အမှတ် (၁၁)ရပ်ကွက် (၁၅)လမ်း ပခုက္ကူမြို့နေ မောင်မျိုးကိုထွန်းကပြောသည်။ "ဘရူနိုင်းဘုရင့်ဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့တဲ့အတွက် အရမ်းပျော်တယ်၊ ဂုဏ်လည်းယူမိပါတယ်၊ မြန်မာ့လက်ရွေးစင်အသင်းမှာပါဝင်နိုင်အောင် ကြိုးစားသွားမှာပါ၊ ပြိုင်ပွဲတိုင်းကိုလည်း ဗိုလ်စွဲနိုင်အောင် အစွမ်းကုန် ကြိုးစားသွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောပြသည်။ **နေဦးမောင်[ပခုက္ကူ]**

| | | |
|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် (၃) အနိုင်/အရှုံး ရလဒ်များ** | | |
| အဲဗာတန် | ၃ - ၆ | ချယ်လ်ဆီး |
| ဗီလာ | ၂ - ၁ | ဟားလ် |
| စပါး | ၀ - ၃ | လီဗာပူး |
| လက်စတာ | ၁ - ၁ | အာဆင်နယ် |
| **ဘွန်ဒက်လီဂါ ပွဲစဉ် (၂) အနိုင်/အရှုံး ရလဒ်များ** | | |
| ရှော်ကေး | ၁ - ၁ | ဘိုင်ယန်မြူးနစ် |
| မိန့်ဇ် | ၀ - ၀ | ဟန်နိုဗာ |
| **စပိန်လာလီဂါ ပွဲစဉ် (၂) အနိုင်/အရှုံး ရလဒ်များ** | | |
| ကော်ဒိုဘာ | ၁ - ၁ | ဆယ်တာဗီဂို |
| ဘီလ်ဘို | ၃ - ၀ | လီဗန်တေး |
| အက်သလက် | ၂ - ၁ | အီဘား |
| အက်စ်ပန်ညော | ၁ - ၂ | ဆီဗီးလ် |
| **စီးရီးအေ ပွဲစဉ် (၁) အနိုင်/အရှုံး ရလဒ်များ** | | |
| ခီယေဗို | ၀ - ၁ | ဂျူဗင်တပ် |
| ရိုမာ | ၂ - ၀ | ဖီယိုရင်တီနာ |

# အသင်းဟောင်းဒေါ့မွန်သို့ ရှင်ဂျီကာဂါဝါ ပြန်လည်ပြောင်းရွှေ့ကစားမည် နောက်ခံလူ ဘလိုင်းအား ပေါင် ၁၄ သန်းဖြင့် မန်ယူသဘောတူညီမှုရရှိထား





မန်ယူအသင်းမှ ဂျပန်ကွင်းလယ်ကစားသမား ရှင်ဂျီကာဂါဝါသည် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှ ထွက်ခွာကာ မန်ယူအသင်း၌ ဘောလုံးရာသီနှစ်ရာသီကြာ ကစားခဲ့ပြီးနောက် ပြောင်းရွှေ့ကြေးပေါင် ၆ ဒသမ ၃သန်းဖြင့် အသင်းဟောင်း ဒေါ့မွန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားမည် ဖြစ်ကြောင်းသိရသည်။

ဒေါ့မွန်အသင်းသည် ကွင်းလယ်ကစားသမား ကာဂါဝါအား ၂၀၁၂ ခုနှစ်က ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့် မန်ယူအသင်းသို့ ရောင်းချခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ဒေါ့မွန်အသင်းနှင့် ကာဂါဝါတို့သည် သဘောတူညီ မှုရရှိထားကာ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ဒေါ့မွန်အသင်းနည်းပြ ဂျာဂန်ကလော့ပ်ကလည်း ကွင်းလယ်ကစားသမား ကာဂါဝါသည် အသင်းဟောင်း ဒေါ့မွန်အသင်းထံသို့ ပြန်လာမည်ဖြစ်ကြောင်းနှင့် မန်ယူအသင်း၌ ပျော်ရွှင်မှုဆိတ်သုဉ်းနေသော ကာဂါဝါအား ဒေါ့မွန်အသင်းသို့ အရောက်ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း ထပ်ဖန်တလဲလဲ ပြောကြားခဲ့ဖူးကြောင်းလည်း သိရသည်။ စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းက ကာဂါဝါအား ခေါ်ယူရန် စိတ်ဝင်စားခဲ့သော်လည်း ကာဂါဝါ ကမူ ဥရောပဘောလုံးလောကတွင် မိမိအား နာမည်တစ်လုံးပေါ်ထွက်စေခဲ့သည့် ဒေါ့မွန်အသင်းဆီသို့သာ ပြန်လည်ကစားရန်ဆန္ဒရှိကြောင်းပြောကြားခဲ့သည်။

မန်ယူအသင်းအနေဖြင့်လည်း ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဒီမာရီယာ၊ ရိုဂျို၊ ဟာရဲရားနှင့် လူကီရှောတို့ကို ခေါ်ယူထားခဲ့ရာ၌ ပေါင် သန်း ၁၆၀ သုံးစွဲထားခဲ့ပြီး လက်ရှိတွင် အသင်းအတွက် နောက်ဆုံးကစားသမား ဖြည့်တင်းမှုအဖြစ် ပစ်မှတ်ထားခဲ့သည့် အိုင်းယက်စ်အသင်းမှ နယ်သာလန် ဘယ်နောက်ခံကစားသမား ဘလိုင်းအား ခေါ်ယူရန် ပြောင်းရွှေ့ကြေးပေါင် ၁၄ သန်းဖြင့် သဘောတူညီမှုရရှိထားသည်။ **[ငွေကြယ်]**

## ဘောလုံးလောက သတင်းတိုများ

- အာဆင်နယ်အသင်းသည် ဆောက်သမ်တန်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်အား ခေါ်ယူရန် ပြောင်းရွှေ့ကြေးပေါင် ၂၇သန်းဖြင့် သဘောတူညီမှုရရှိထားကြောင်း သိရသည်။
- **ရီးယဲလ်မက်ဒရစ်အသင်းသည် မန်စီးတီး တိုက်စစ်မှူး နီဂရီဒိုအား ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီကမူ နီဂရီဒိုအား ရောင်းချမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။**
- အီတလီစီးရီးအေကလပ် ရိုးမားအသင်းသည် ဂရိဘယ်နောက်ခံကစားသမား ဟိုးလ်ဘက်အား ခေါ်ယူရန် သဘောတူညီမှုရရှိထားကြောင်း သိရသည်။
- **အိုင်းယက်စ်နောက်ခံလူ ဘလိုင်း မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုနှင့်ပတ်သက်၍ မန်ယူဝါရင့်ကစားသမားတစ်ဦးဖြစ်သူ ပေါစခိုးလ်က မေးခွန်းထုတ်ခဲ့ကြောင်း သိရသည်။**
- ဘာစီလိုနာဂိုးသမား ဗစ်တာဗဲလ်ဒက်သည် ဘာစီလိုနာအသင်းနှင့်အတူ ပွဲပေါင်း ၅၀၀ ကျော်ပါဝင်ကစားပေးထားခဲ့ပြီး ယခုနှစ်အတွင်း အခြားကလပ်အသင်းတစ်ခုသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်းသိရသည်။
- **အာဆင်နယ်အသင်းသည် ပြင်သစ်ကြယ်ပွင့် ရီမီအား ခေါ်ယူရန် သဘောတူညီမှုရရှိထားသော်လည်း ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက ရီမီအား ခေါ်ယူရန် စိတ်ဝင်စားနေဆဲဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားလာသည်။**











အပူအပုပ်များပြီး ခေါင်းကိုက်ဇက်ကြောထိုး ညောင်းညာ မအီမသာခံစားနေရသူများအတွက် ဗိုက်မရစ်ဗိုက်မနာ ဝမ်းသွားအားရစေတဲ့ စုစုအေးအောင် ဝမ်းမှန်အကြောပြေဆေး။


ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
ကံစမ်းမဲအထူးအစီအစဉ်
၂၀၁၅ခုနှစ် ဇန်နဝါရီလ(၃၁)ရက်နေ့ထိ ဝယ်ယူအားပေးကြမည့် ဧည့်သည်တော်ကြီးများအားလုံးအတွက်အထူးအစီအစဉ်
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့ - ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့
1st Prize
FIRST PRIZE
68 RESIDENCE
(၂၅)သိန်းရှိ အိပ်ခန်းနှစ်ခန်းပါ
CONDOMINIUM တစ်ခန်း
2nd Prize
SECOND PRIZE
BMW 528
BRAND NEW ကားတစ်စီး
3rd Prize
THIRD PRIZE
GIA CERTIFICATE
(3)ကာရက်ရှိ
စိန်လက်စွပ်တစ်ကွင်း
ROOM TYPES
SQFT
DAILY OPENING HOURS - 9:30AM - 7:00PM
SHOWROOM:
44/A, SAYAR SAN ROAD, BAHAN TOWNSHIP,
YANGON, MYANMAR
09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060

ကျန်းမာရေးဆောင်းပါး

# ခန္ဓာကိုယ်တွင်း အဆိပ်အတောက်ပြေစေမယ့် အစားအစာ ၂၅ မျိုး

**à ayjufjyuf**

ဆာလောင်မှုကို ပြေပျောက်စေဖို့၊ အူမတောင့်စေဖို့၊ ကျန်းမာသက်ရှည်စွာနေထိုင်ဖို့ စသဖြင့် သက်ရှိလူသားအားလုံးကသမုဒ္ဒရာဝမ်းတစ်ထွာကို သောက်ရေအပါအဝင်ရေပူ၊ ရေအေး၊ အရည်အမျိုးမျိုး၊ သစ်သီးဝလံ ဟင်းသီးဟင်းရွက်များ၊ သားငါးမျိုးစုံ၊ မုန့်ပဲသရေစာတွေနဲ့ဖြည့်တင်းပေးနေကြရပါတယ်။

အစာစားပြီးချိန်မှ အညစ်အကြေးစွန့်သည့်အချိန်အထိ Transit Time သည် လူတစ်ဦးနှင့်တစ်ဦး မတူညီကြပါဘူး။ Transit Time ပိုကြာပါက စွန့်ထုတ်ရန်လိုအပ်တဲ့ အဆိပ်အတောက်တွေဟာ အူထဲမှာပိုမိုကြာမြင့်စွာရှိနေပြီး၊ ထိုအဆိပ်အတောက်များကို ခန္ဓာကိုယ်ရဲ့ အူသိမ်အူမတွေက ထပ်ခါထပ်ခါ စုပ်ယူမိပြန်တာကြောင့် ခေါင်းကိုက်ခြင်း၊မအီမသာဖြစ်ခြင်း၊ နေထိုင်မကောင်းဖြစ်ခြင်း၊ ခံတွင်း နံ့မကောင်းခြင်း၊ အသားအရေညစ်ခြင်း၊ ကိုယ်ခံစွမ်းအား ကျဆင်းခြင်းတို့ဖြစ်လာပါတယ်။ ဒ့ါပြင် ဝမ်းချုပ်ခြင်းဝေဒနာကိုလည်း ပြင်းပြင်းထန်ထန်ခံစားရနိုင်ပြီး၊ အဆိုးရွားဆုံးအနေဖြင့် လိပ်ခေါင်း၊ အူအတက်၊ အူမကြီးကင်ဆာ တို့အထိဖြစ်လာနိုင်ပါတယ်။

အအိပ်အနေမမှန်ခြင်း၊ ဥတုအာဟာရမျှတမှုမရှိခြင်း၊ စားသောက်မှု ပုံစံမမှန်ကန်ခြင်း၊ ဓာတ်ကြီးလေးပါးမညီမျှခြင်းကြောင့် အဲဒီ နိစ္စဓူဝစားသောက်ခဲ့တဲ့ အစားအစာတွေကပဲခန္ဓာကိုယ်ထဲမှာ ဓာတ်ဖောက်ပြန်ကာ အဆိပ်အတောက်ဖြစ်စေပြန်ပါတယ်။ သို့ပါ၍ အောက်ပါအစားအစာတွေကခန္ဓာကိုယ်တွင်း အဆိပ်အတောက်များ ပြေပျောက်စေတဲ့အပြင် ကိုယ်အလေးချိန်ကျစေရန်နှင့်ကျန်းမာနုပျိုလာစေရန် တစ်ဖက်တစ်လမ်းမှကောင်းကျိုးပြုပေးတာမို့ စားသောက်ပေးကြပါရန် အကြံပြုနှိုးဆော်လိုက်ရပါတယ်။

၁။ မိမိစားသောက်ခဲ့တဲ့ အစားအစာထဲမှာ ပါလာတဲ့ပိုလျှံသော အဆီဓာတ်တွေကို သည်းခြေရည်က ချေဖျက်ပေးလေ့ရှိပြီး အဆိပ် အတောက်တွေကို ဖြေ(ဖြည်)ပေးပါတယ်။ မုန်လာထုပ်ထဲရှိ caffeoylquinic အက်စစ်လို့ခေါ်တဲ့ သဘာဝဓာတ်တိုးဆန့်ကျင် ပစ္စည်းက အသည်းပျက်စီးခြင်းနဲ့ အသည်း ရောဂါအမျိုးမျိုးတို့ကို ကာကွယ်ပေးကာ သည်းခြေရည်စီးဆင်းမှုကိုပါ ကောင်းစွာလှုံ့ဆော်ပေးနိုင်တာကြောင့် မုန်လာထုပ်ဟင်းချိုကို ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံး လေးကြိမ်လောက်စားပေးပါ။

၂။ ထောပတ်သီးထဲမှာပါရှိတဲ့ ပြည့်ဝဖက်တီးအက်စစ်တွေနဲ့ glutathione ဓာတ်ပေါင်းစုများဟာ အူသိမ်အူမတွေက အဆီဓာတ်တွေမစုပ်ယူဖြစ်အောင် တားဆီးပေးတာမို့ အူလမ်းကြောင်းမှာ အဆိပ်အတောက်ပြေစေပါတယ်။ ထောပတ်သီးက နှလုံးကိုကျန်းမာစေတဲ့အပြင်၊ အသည်းကိုပါ သန့်စင်ပေးနိုင်တာကြောင့် ထောပတ်သီးကိုသရေစာသီးနှံအဖြစ် မကြာခဏစားပေးပါ။

၃။ သကြားမုန်လာ(ခေါ်)မုန်လာဥနီအလုံး(ခေါ်) Beets ထဲမှာ betalains လို့အမည်ရတဲ့ သဘာဝသွေးနီရောင်ဆိုးဆေးတွေ ပါရှိနေပါတယ်။ အဲဒီဆိုးဆေးက ရောင်ရမ်းနာများနဲ့ မှိုပိုးတွေကို အစွမ်းကုန်တိုက်ထုတ်ပေးနိုင်တဲ့အပြင်၊ အထူးသဖြင့် အသည်းထဲက ဆဲလ်တွေကို ကောင်းစွာတည်ဆောက်ပေးတာကြောင့် အဆိပ်အတောက်ပြေစေပါတယ်။

၄။ ဘရိုကိုလီ(ခေါ်)ပန်းဂေါ်ဖီစိမ်းထဲမှာ အစွမ်းထက်မြက် ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ကြွယ်ဝစွာပါရှိနေပါတယ်။ Johns Hopkins University ရဲ့သုတေသနပြုချက်များအရ ဘရိုကိုလီဟာ ကင်ဆာအကျိတ်အဖုတွေကြီးထွားလာမှုကို ၇၅ရာခိုင်နှုန်းလောက်ကာကွယ်တားဆီးပေးနိုင်တာကြောင့်၊ အထူးသဖြင့် အူမကြီးကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ ရင်သားကင်ဆာ၊ မမျိုးဥကင်ဆာနှင့် အမျိုးသားများဆီးကျိတ်ကင်ဆာတို့ကို ထိထိရောက်ရောက်ကာကွယ်ပေးနိုင်တယ်လို့ဆိုပါတယ်။ ထိုနည်းတူစွာပဲ ပန်းဂေါ်ဖီမျိုးနွယ်ဝင်များဖြစ်ကြတဲ့ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ(အဖြူ)၊ ကိုက်လန်တို့ကိုပါ စားပေးသင့်ပါတယ်။





၅။ ရွက်စားမုန်လာရွက်များက သည်းခြေရည်(အက်စစ်)ကို တိုးပွားစေကာ ခန္ဓာကိုယ်ထဲရှိ အဆီမော်လီကျူးများကို စုပ်ယူ၍ မကောင်းတဲ့ အဆိပ်အတောက်တွေကို ကျင်ကြီး၊ ကျင်ငယ်အဖြစ် စွန့်ထုတ်ပေးပါတယ်။ ဒ့ါပြင် ခန္ဓာကိုယ်ထဲရှိ မကောင်းတဲ့ LDL ကိုလက်စထရောတွေကိုပါ ကျဆင်းသွားစေပါတယ်။

၆။ Dandelion(ခေါ်)ခွေးသွားစိတ်အနားတန်းအရွက်များဖြင့် အဝါရောင်ပန်းပွင့်တဲ့ အလေ့ကျပေါက်ပင်လေးတွေက လွန်စွာ ဆေးဖက်ဝင်လှပါတယ်။ ထိုအပင်ရဲ့ အမြစ်ကို ရေနွေးသုံးခွက် တစ်ခွက်တင်ပြုတ်သောက်ပေးခြင်းဖြင့် ဆီးရောဂါအမျိုးမျိုးကိုပျောက်ကင်းစေကာ၊ ဆီးရွှင်စေလို့ အဆိပ်အတောက်များပြေပျောက်သွားစေပါတယ်။

၇။ စမုန်စပါးထဲမှာ ဗီတာမင်တွေနဲ့ ရောင်ရမ်းမှုကိုပြေလျော့စေတဲ့ သဘာဝဓာတုပစ္စည်းတွေပါရှိကြပါတယ်။ ထိုဓာတုပစ္စည်းတွေက အသည်းအတွက်ကောင်းမွန်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ်အထောက်အပံ့ပေးကာ ခန္ဓာကိုယ်ကို အဆိပ်အတောက်ဖြစ်စေတဲ့ free radical တွေကို နှင်ထုတ်ပေးပါတယ်။ ဒ့ါပြင် ကယ်လိုရီနဲပြီး အမျှင်ဓာတ်ပါဝင်မှုများတာကြောင့် အစာအိမ်နဲ့အူလမ်းကြောင်းတွေကို သန့်စင်စေပါတယ်။

၈။ လက်ဖက်ရွက်အခြောက်ထက် လက်ဖက်ရွက်အစိုတွေမှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းပါဝင်မှုပိုများပါတယ်။ ဆီးရွှင်စေတဲ့အပြင်၊ ရင်ပြည့်ရင်ကယ်ဗိုက်ပွခြင်းဝေဒနာတွေကိုပါ သက်သာလျော့ပါးစေလို့ အဆိပ်အတောက်ပြေစေတဲ့ လက်ဖက်စိမ်းရေနွေးကြမ်းကို နေ့စဉ်သောက်သုံးပါ။

၉။ ဆစ်ထရစ်အက်စစ်ကြွယ်ဝတဲ့ သံပုရာသီးက အဆိပ်အတောက်တွေပြေပျောက်စေတာမို့ နေ့စဉ် သံပုရာရည်ကို သကြား နဲ့ ဖျော်သောက်ပေးပါ (ဂရိတ်ဖရုသီး စားပါ)။

၁၀။ Milk thistle(ခေါ်)အဆူးလေးတွေပါတဲ့ ခရမ်းရောင်ပန်းပင်လေးတွေထဲမှာ သဘာဝ polyphenolic ဓာတ်ပေါင်းစုတွေပါရှိနေပါတယ်။ ၎င်းတို့က အသည်းရဲ့ဆဲလ်တွေကို ကောင်းစွာတည်ဆောက်စေကာ၊ အသည်းအားကောင်းစေတာကြောင့် အသည်းနဲ့သွေးတွေကို အဆိပ်အတောက်ပြေစေပါတယ်။

၁၁။ ကြက်သွန်(အဖြူ)၊ ကြက်သွန်(အနီ)၊ မိဿလင်တွေကို ဟင်းခတ်အမွှေးအကြိုင်အဖြစ်အသုံးဝင်ရုံသာမက၊ ၎င်းတို့ထဲမှာ ပါရှိတဲ့ Flavonoids ဓာတ်ပေါင်းစုတွေကအသည်းအားကောင်းစေပါတယ်။ ဒ့ါပြင် အစွမ်းထက်ပိုးသတ်ဆေးအာနိသင်ရှိတာမို့ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားလာစေပါတယ်။

